မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်၊ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာ ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၀)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားညီလာခံကြီးက ချမှတ်ခဲ့သည့် အခြေခံမူများသည် ဒီမိုကရေစီအနှစ်သာရများ ပြည့်ဝနေမှုဝါဒလမ်းစဉ် (၇) ရပ် အောင်မြင်ရေး နိုင်ငံတော်နှင့် ပြည်သူ စည်းလုံးညီညွတ်စွာ ဖော်ဆောင်သွားမည်

ရရှိဖြစ်ထွန်းနေသည့် အခြေခံရလဒ်ကောင်းများ ပျက်စီးသွားရန် ဆူပူလှုံ့ဆော်မှုများ လုပ်ဆောင်လာ ဘာသာရေးကိုခုတုံးလုပ် ငွေယူပြီး နိုင်ငံဆူပူအောင်လုပ်သည့် ပုဆိန်ရိုးများကို အမြစ်ပြတ်အောင်ရှင်းလင်း

ရန်ကုန် အောက်တိုဘာ ၉

အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီ မိနစ် ၄၀ တွင် ကရင်ပြည်နယ် ဘားအံမြို့ရှိ သီရိကွင်း၌ ကရင်ပြည်နယ်မှ မြို့မိမြို့ဖများက ဦးစီး၍ ဥပဒေနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ **(အောက်ပုံ)**

စာမျက်နှာ ၆ ကော်လံ ၁ ✻

မြန်မာ့အလင်း

ဆောင်းပါး

အညွှန်း

ကဲ ဘယ့်နှယ်ရှိစ၊ လိမ်တာမိပြီ BBC

ဂဂ အရေးအခင်းတွင် မင်းမဲ့စရိုက် ဖြစ်ပွားခဲ့သော သဃ်န်းကျွန်း မြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်တို့မှ လူသတ်ခေါင်းဖြတ်သည့် အရိုင်းအစိုင်းလုပ်ရပ်တို့ကို တွေ့မြင်လာရသောအခါ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရသလို တုန်လှုပ်ချောက်ချားမှုကိုလည်း ခံစားလာခဲ့ရပါသည်။ ထိုအခါ ဤ ၁၉ဂဂ ခုနှစ် အရေးအခင်းဖြစ်ပွားရန် မည်သူလှုံ့ဆော် ဖန်တီးသနည်းဟု နဖူးပေါ်လက်တင်၍ ကြိမ်ဖန်များစွာ စဉ်းစားခဲ့ရာ **BBC** နှင့် **VOA** တို့၏ မြှောက်ပင့်ပေးမှု၊ သွေးထိုးလှုံ့ဆော်မှုတို့ကြောင့် ဖြစ်သည်ဟု အဖြေရှာ၍ ရခဲ့ပါသည်။ **မြေလတ်သား၏ ဆောင်းပါး (စာ ၄ နှင့် ၅)တွင် ဖတ်ရှုနိုင်ပါသည်။**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ အောက်တိုဘာ ၁၀ရက်)

လူငယ်များ၏စိတ်ဓာတ် မြင့်မားခိုင်ကျည်စေရေး ပညာရေးကဏ္ဍမှ ကြိုးပမ်းဖော်ဆောင်

တည်ငြိမ်အေးချမ်း၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်၏ အနာဂတ်ကို ဖန်တီးဖော်ဆောင်ရာတွင် အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ်ပေါ်ထွန်းလာရန် လိုအပ်သည်။

အသိပညာရှင်၊ အတတ်ပညာရှင်များ တိုးပွားပေါ်ထွန်းလာစေရေးအတွက် ဆရာ ဆရာမများက တပည့်ကျောင်းသား ကျောင်းသူများအပေါ် နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ သင်ကြားပျိုးထောင်ပေးကြရမည် ဖြစ်သည်။

နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို အောင်မြင်ဖြစ်ထွန်းအောင် ဖော်ဆောင်ရာ၌ နိုင်ငံတွင်းရှိ လူငယ်လူရွယ်များ ပညာရည်အဆင့်အတန်းမြင့်မားတိုးတက်စေရန် အထူးလိုအပ်သည်။ အမျိုးသား ပညာရည်မြင့်မားမှုသည် နိုင်ငံသူနိုင်ငံသားတစ်ဦးချင်း၏ လူနေမှုဘဝအဆင့်အတန်းနှင့် အရည်အသွေးကို မြှင့်တင်ပေးနိုင်မည် ဖြစ်သည်။

လူငယ်များ၏ ကိုယ်ရည်ကိုယ်သွေးနှင့်ပညာရည်အရည်အသွေးကို မြှင့်တင်ပေးရင်း လူငယ်တစ်ဦးချင်း၏အရည်အသွေးကောင်းများ တပေါင်းတစည်းတည်းဖြစ်အောင် စုစည်းပေါင်းစပ်ပေးခြင်းဖြင့် ပိုမိုရင့်ကျက်ခိုင်မာလာမည် ဖြစ်သည်။

စစ်မှန်သည့်မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရန် ဒို့တာဝန်အရေး(၃)ပါးကို အသက်ဝိညာဉ်သဖွယ် အလေးထားကြရမည်ဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ်သည်သာ စစ်မှန်သည့်မျိုးချစ်စိတ်ဓာတ်ဖြစ်သည့်အတွက် ဆရာဆရာမများက ငယ်စဉ်ကတည်းက ယုံကြည်စွဲမြဲနေအောင် လေ့ကျင့်ပျိုးထောင်ပေးကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ လူငယ်များစိတ်ဓာတ်ရေးရာ မြင့်မားခိုင်ကျည်လာစေရန်နှင့် နိုင်ငံတော်ကို ချစ်မြတ်နိုးပြီး အရည်အချင်းပြည့်ဝသော လူငယ်များဖြစ်ထွန်းလာစေရန် ပညာရေးကဏ္ဍမှနေ၍ အပြည့်အဝ ကြိုးပမ်းဖော်ဆောင်ပေးကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၁၀-၁၀-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေး တေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၅။	မျိုးချစ်တပ်မတော်
၅း၁၀	၆။	ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၂၀	၇။	ရင်ခုန်စီးဆင်း အချစ်သီချင်း
၅း၃၀	၈။	မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၅၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	လျှပ်တစ်ပြက်
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း-၃၀)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	အင်္ဂလိပ်စာသုတ
	၁၉။	ဗွီစီဒီကျော်ကြားတေးများ
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒဏ်ရာများနှင့် နှလုံးသား** (အပိုင်း-၇)

တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် အောင်ချက်ရာခိုင်နှုန်း အကောင်းဆုံးကျောင်းများ

နေပြည်တော် ပျဉ်းမနားခရိုင်တွင် ဂုဏ်ပြုဆုချီးမြှင့်

နေပြည်တော် အောက်တိုဘာ ၉

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်သည် အောက်တိုဘာ ၇ ရက် နံနက် ၈နာရီက နေပြည်တော်ပျဉ်းမနားမြို့နယ် ပေါင်းလောင်းအားကစားခန်းမ၌ ကျင်းပသော နေပြည်တော်ပျဉ်းမနားခရိုင်အတွင်းရှိ ၂၀၀၆-၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများ၊ အောင်ချက်ရာခိုင်နှုန်း အကောင်းဆုံးကျောင်းများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ဆေးရုံများသို့ ဆေးပဒေသာပင်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး အောင်ချက်အကောင်းဆုံး ကျောင်းသုံးကျောင်းနှင့် ခြောက်ဘာသာဂုဏ်ထူးတစ်ဦး၊ ငါးဘာသာဂုဏ်ထူးရ သုံးဦးတို့အား ဆုများချီးမြှင့်သည်။ ဆက်လက်၍ တိုင်းမှူး၏ ဇနီးဒေါ်ဆွေဆွေဦးက လေးဘာသာဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ကိုးဦးတို့အား ဆုများချီးမြှင့်သည်။

ဆုများချီးမြှင့်

ထို့နောက်တာဝန်ရှိသူများက သုံးဘာသာဂုဏ်ထူးရရှိသူ ကျောင်းသား ကျောင်းသူ ၁၇ ဦး၊ နှစ်ဘာသာဂုဏ်ထူးရရှိသူ ကျောင်းသား ကျောင်းသူ ၂၅ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရရှိသူ ကျောင်းသား ကျောင်းသူ ၅၀တို့အား ဆုများချီးမြှင့်ကြသည်။

ဆေးပဒေသာပင်

ထို့နောက် နေပြည်တော်ပျဉ်းမနားခရိုင်အတွင်းရှိ ဆေးရုံများသို့ ဆေးပဒေသာပင်လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ တိုင်းမှူးက ဆေးပဒေသာပင်လှူဒါန်းငွေများကို ပေးအပ်ရာ

နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော်ပျဉ်းမနားခရိုင်အတွင်းရှိ ၂၀၀၆-၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်ရာခိုင်နှုန်း အကောင်းဆုံး ကျောင်းတစ်ကျောင်းကို ဆုချီးမြှင့်စဉ်။
(သတင်းစဉ်)

သက်ဆိုင်ရာ ဆေးရုံအလိုက် ဆေးရုံအုပ်ကြီးများက လက်ခံကြသည်။

ထို့နောက် နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်လယ်ဝေးနှင့်နေပြည်တော် တပ်ကုန်းတို့မှ စေတနာရှင်များက သက်ဆိုင်ရာ ဆေးရုံများသို့ ဆေးပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဆေးရုံအုပ်ကြီးများက လက်ခံကြသည်။

ထို့နောက် ဆေးရုံများကိုယ်စား နေပြည်တော် ခုတင် (၃၀၀) ဆံ့ဆေးရုံအုပ်ကြီး ဒေါက်တာဌေးကြွယ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ ကျင်းပသည့် ဆေးရုံများသို့ ဆေးပဒေသာပင်လှူဒါန်းပွဲတွင် စုစုပေါင်းငွေကျပ် ၂၈၁၅၈၉၀၀ လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သမိုင်းဝင်ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်း တည်ဆောက်ရန်ငွေလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၉

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်း စေတီတော်မြတ်ကြီးတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန် အတွက် စမ်းချောင်း မြို့နယ် သီရိခေမာရပ်ကွက် ခေမာလမ်း အမှတ်၂(က)နေ ဦးစိုးသိန်း-ဒေါ်သန်းအိ မိသားစုက ငွေကျပ်တစ်သိန်းကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးအုန်းကြိုင်နှင့် ဦးသိန်းထွန်းတို့ လက်ခံယူသည်။**(အပေါ်ပုံ)**

အဆိုပါ စောင်းတန်းတော်ကြီး တည်ဆောက်ရေးအတွက် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် စေတီတော် ဂေါပကရုံး ဖုန်း-၆၆၀၀၀၆၊ ၇၁၀၃၇၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အောင်စကြာ အရှင်စန္ဒသိရီ တရားဟောကြားမည်

ရန်ကုန် အောက်တိုဘာ ၉

ရန်ကုန်တိုင်း သာကေတမြို့နယ် အောင်စကြာ မိုးကုတ်ရိပ်သာကြီး၏ ပြည်တွင်းပြည်ပ သာသနာပြု နယ်လှည့်ဓမ္မကထိက အောင်စကြာ အရှင်စန္ဒသိရီ (ဓမ္မာစရိယ)သည် သီတင်းကျွတ်လဆန်း၈ရက် (အောက်တိုဘာ ၁၉ရက်)၊ သီတင်းကျွတ်လပြည့်(အောက်တိုဘာ ၂၆ရက်)တို့၌ သာကေတမြို့နယ် ဇိနမာရ်အောင်စေတီတော်မြတ်ကြီးအတွင်း ဝိမုတ္တိရသ ဓမ္မဗိမာန်တော်ကြီး၌ ပဋိစ္စသမုပ္ပာဒ် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ရာ မွန်းလွဲ ၁ နာရီအရောက် ကြွရောက်ပါရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ကျောင်းသူကျောင်းသားများအား လူ့ဘောင်လောကကိုအကျိုးပြုမည့်သူများဖြစ်အောင် သင်ကြားပေးခြင်းသည် မြန်မာ့ရိုးရာပညာရေး၏ ပင်ကိုအယူအဆ အရည်အသွေးများနှင့်အညီ ဆောင်ရွက်ခြင်းဖြစ် စိတ်ဓာတ်နှင့်စည်းကမ်း ကောင်းမွန်သည့် နိုင်ငံသားကောင်းများဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်

နေပြည်တော် အောက်တိုဘာ ၉

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၈) သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉နာရီက မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီး ဌာနဝန်ကြီး ဦးသောင်း တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)မှ ဌာနမှူးကြီးများနှင့် ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူ အထက်မြန်မာပြည်ရှိ အခြေခံပညာ ဆရာဆရာမများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီး ဌာနဝန်ကြီး ဦးသောင်းက အမှာစကားပြောကြားရာတွင် ယနေ့ နိုင်ငံတော်အစိုးရအနေဖြင့် အခြေခံအကျဆုံးဖြစ်သည့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးမှစတင်ပြီး ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းဒေသများအားလုံး ဆူကြို့နိမ့်မြင့်ကွာဟချက် လျော့နည်းကျဉ်းမြောင်းပြီး ဟန်ချက်ညီညီ မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံသူနိုင်ငံသား ပြည်သူများ၏ ပညာတတ်မြောက်မှု၊ ပညာရည်မြင့်မားမှုတို့ကို အဓိကမောင်းနှင်အားအဖြစ် ကြိုးပမ်းတည်ဆောက်ပေးလျက်ရှိကြောင်း။

အလေးထားစီမံဆောင်ရွက်

ထို့ကြောင့် နယ်စပ်ဒေသများနှင့် ကျေးလက်ဒေသများကအစ နိုင်ငံတော်၏ ဒေသအသီးသီးတွင် ပညာရေး အဆင့်အတန်းကွာဟမှု လျော့နည်းပပျောက်စေရန် ပညာသင်ယူနိုင်မှု အခွင့်အလမ်းများ ညီမျှစွာ ပွင့်လမ်းလာစေရန် အလေးထားစီမံဆောင်ရွက်ပေးနေသကဲ့သို့ အခြေခံပညာကျောင်းအသီးသီး၏ ပညာရည်အရည် အသွေး၊ ဆရာ ဆရာမများ၏ ဆရာအတတ်ပညာ အရည်အသွေးနှင့် စာပေပညာ အရည်အသွေးများ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ညီညီမျှမျှ ဖြစ်ထွန်းလာစေရန် စီမံဆောင်ရွက်ပေးနေခြင်း ဖြစ်ကြောင်း။

၎င်းရည်မှန်းချက်များနှင့် အညီ အခြေခံပညာကျောင်းသစ်များ တိုးချဲ့ဖွင့်လှစ်ပေးမှုများ၊ ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ပေးမှုများ၊ ကျောင်းသားအင်အား တိုးတက်မှုနှင့် လျော်ညီစွာ ဆရာအင်အား တိုးချဲ့ခန့်ထားပေးမှုများကို အလေးထား ဆောင်ရွက်ပေးခဲ့သည့်အတွက် ယခုဆိုလျှင် အခြေခံ

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၈) သင်တန်းဆင်းပွဲတွင် သင်တန်းသူစံပြဆုရ စစ်ကိုင်းမြို့မှ အလယ်တန်းပြဆရာမ ဒေါ်သဲနုအောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပညာ ကျောင်းပေါင်း ၄၀၅၀၀ကျော် တစ်နိုင်ငံလုံးတွင် ဖြန့်ကြက်တည်ရှိနေပြီဖြစ်ကြောင်း၊ ယခု ကျောင်းများတွင် ဆရာ ဆရာမ ၂ဒသမ၅၉သိန်းကျော်က ကျောင်းသား ကျောင်းသူ ၇ဒသမ ၈၄ သန်းကျော်ကို လေ့ကျင့်သင်ကြားပေးနေသည့် အခြေအနေရှိလာခဲ့ပြီဖြစ်ကြောင်း၊ ၁၉၈၈ ခုနှစ်က တည်ရှိခဲ့သည့် အခြေခံပညာရေး အခြေအနေနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် အခြေခံပညာ ကျောင်းအင်အား ၂၀ ဒသမ ၂ ရာခိုင်နှုန်း၊ ဆရာအင်အား ၄၉ဒသမ ၃ ရာခိုင်နှုန်းနှင့် ကျောင်းသူကျောင်းသား အင်အား ၄၉ ဒသမ ၆ရာခိုင်နှုန်း ပိုမိုတိုးတက်လာခြင်းပဲ ဖြစ်ကြောင်း။

ထိရောက်စွာအသုံးပြု

၎င်းအပြင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များအရ ဆရာ ဆရာမများ၏ သင်ကြားမှုအရည်အသွေး ပြည့်ဝရေး၊ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများ နိုင်ငံတကာ အဆင့်မီ မြှင့်တင်ဆောင်ရွက်ရေး၊ သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ ထိရောက်စွာ အသုံးပြုသင်ကြားရေးအပိုင်းတို့ကို ထိထိရောက်ရောက် ပြုပြင်မြှင့်တင်ပေးနေသည့်အတွက် မျှော်မှန်းထားသည့် အကျိုးရလဒ်ကောင်းများလည်း စတင်ရရှိဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

ယခုလို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပညာသင်ယူနိုင်မှု အခွင့်အလမ်းတွေ၊ ပညာသင်ယူမှု အရည်အသွေးများ ညီညီညွတ်ညွတ် မျှမျှတတ ဖြန့်ကြက်ဖြစ်ထွန်းနေသည့် အပြင် အခြေခံပညာကဏ္ဍ၏ သင်ရိုးညွှန်းတမ်း အရည်အသွေးမြင့်မားလာမှု၊ ဆရာဆရာမများ၏ ဆရာအတတ်ပညာနှင့် သင်ကြားပေးနိုင်မှုစွမ်းအား မြင့်မားလာမှု အခြေခံကောင်းများ ဖြစ်ထွန်းနေသည့်အချိန်အခါတွင် ဆရာဆရာမများအားလုံးက ကျောင်းသူကျောင်းသားလူငယ်များ အပေါ် စေတနာရှေ့ထား လေ့ကျင့်သင်ကြားပေးနိုင်သည်နှင့်အမျှ ကျောင်းသူကျောင်းသားလူငယ်တိုင်းသည် နိုင်ငံတော်၏ မျှော်မှန်းချက်နှင့်အညီ နိုင်ငံ့အကျိုးဆောင် လူရည်ချွန် လူရည်မွန်လေးများဖြစ်လာကြမှာ အမှန်ဖြစ်ကြောင်း။

ကျောင်းသူကျောင်းသားလူငယ်များကို ယဉ်ကျေးသိမ်မွေ့အောင် ကိုယ်ကျင့်တရားခိုင်ခံ့အောင် လူ့ဘောင်လောကမှာဝင်ဆံ့ပြီး လူ့ဘောင်လောကကို အကျိုးပြုနိုင်သည့် လူရည်ချွန် လူရည်မွန်များ ဖြစ်လာစေရအောင် လေ့ကျင့်ပျိုးထောင်ပေးခြင်းသည် မြန်မာ့ရိုးရာပညာရေး၏ ပင်ကိုအယူအဆ၊ပင်ကိုအရည်အသွေးများနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်တယ်လို့လည်းဆိုရ မှာဖြစ်ကြောင်း။

အလေ့အကျင့်ကောင်းများ

ယင်း ရည်မှန်းချက်များနှင့်အညီ အခြေခံပညာ ကျောင်းသူ ကျောင်းသားများ၏ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ခိုင်မာရေး၊ ဥပဒေစည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာတတ်ရေးတို့အတွက် ၁၉၉၉-၂၀၀၀ပညာသင်နှစ်ကစပြီး အခြေခံပညာ အဆင့်အလိုက် ပြည်ထောင်စုစိတ်ဓာတ်ဘာသာရပ်ကို ထည့်သွင်းလေ့ကျင့်သင်ကြားပေးလျက်ရှိသကဲ့သို့ စတုတ္ထတန်းနှင့် အထက်တန်းအားလုံးမှာ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးသင်ခန်းစာများကို ထပ်ဆောင်းလေ့ကျင့် သင်ကြားပေးလျက်ရှိခြင်းဖြစ်ကြောင်း၊ ကျောင်းစည်းကမ်း၊ ရပ်ရွာစည်းကမ်း၊ နိုင်ငံတော်၏ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းတို့ကို လေးစားလိုက်နာတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိရေးအတွက်လည်း စာရိတ္တနှင့် ပြည်သူ့နီတိ၊ စာရိတ္တနှင့်လောကနီတိဘာသာရပ်သင်ခန်းစာများကို အခြေခံပညာ အဆင့်အလိုက် လေ့ကျင့် သင်ကြားပေးလျက်ရှိသည့်အတွက် ကျောင်းသူ ကျောင်းသားလူငယ်များကို စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်အောင် လေ့ကျင့်သင်ကြားပေးနိုင်နေပြီ ဖြစ်ကြောင်း။

ထို့ပြင် ကျောင်းစုဝေးပွဲ (School Assembly)များ၌ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ အသင်းအဖွဲ့စိတ်ဓာတ်၊ မိမိကျောင်းအပေါ် ဂုဏ်ယူတတ်သည့်စိတ်ဓာတ်များ ပြည့်ဝလာစေရန် ဟောပြောပညာပေးမှုများ၊ နိုင်ငံတော်၏ နေ့ကြီးရက်ကြီးများ အထိမ်းအမှတ် စာပေအနုပညာပြိုင်ပွဲများ စီစဉ်ကျင်းပပေးမှုများ၊ ပညာရေးပြက္ခဒိန်အရ သတ်မှတ်ထားသည့် ကျောင်းလုပ်ငန်းများ၊ လှုပ်ရှားဆောင်ရွက်ပေးမှုများ စသည့် ပညာရေးလက်တွေ့ဖွံ့ဖြိုးမှု လုပ်ငန်းများဖြင့် ကျောင်းသူ ကျောင်းသားလူငယ်များကို စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်သည့် နိုင်ငံ့သားကောင်းများ ဖြစ်လာစေရအောင် လေ့ကျင့်ပျိုးထောင်ပေးနိုင်လျက်ရှိကြောင်း။

အမျိုးသားရေးအမြင်

ထို့ကြောင့် ဆရာ ဆရာမများအနေဖြင့် မိမိတို့ နိစ္စဓူဝ ဆောင်ရွက်နေကြသည့် ပညာရေးလုပ်ငန်းများ၏ မျိုးဆက်သစ်လူငယ်များအပေါ် သက်ရောက်နိုင်မှုစွမ်းအား၊ ၎င်းမှတစ်ဆင့် နိုင်ငံနှင့် လူမျိုး၏ အနာဂတ်အပေါ် အကျိုးသက်ရောက်နိုင်မှုစွမ်းအားနှင့် ပမာဏကိုသိမြင်ပြီး မိမိတို့၏ နေ့စဉ်လုပ်ငန်းတာဝန်များကို ထမ်းရွက်ကြရာမှာ သာမန်လုပ်ရိုးလုပ်စဉ်အဖြစ် ပေါ့ပေါ့တန်တန် သဘောမထားဘဲ အမျိုးသားရေးအမြင်၊ အမျိုးသားရေး အသိစိတ်ဓာတ်ဖြင့် လေးလေးနက်နက် ကြိုးပမ်းဆောင်ရွက်ပေးကြပါဟု တိုက်တွန်းပြောကြားသည်။

အောင်လက်မှတ်ပေးအပ်

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကိုယ်စား သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဝန်ကြီးဦးသောင်းက သင်တန်းသား စံပြဆုရ မန္တလေးတိုင်း သာစည်မြို့နယ် ရွာမွန်သာရွာ အခြေခံပညာ မူလတန်းကျောင်းမှ မူလတန်းပြ ကသအမှတ်-F-၁၆၃ ဦးကျော်ကျော်ထက်အားလည်းကောင်း၊ သင်တန်းသူစံပြဆုရ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ အခြေခံပညာအလယ်တန်းကျောင်းခွဲ အလယ်တန်းပြ ကသအမှတ်-D-၃၆ ဒေါ်သဲနုအောင်အားလည်းကောင်း၊ သင်တန်းသား ဖွဲ့လုံ့လဆုရ စစ်ကိုင်းတိုင်း ခင်ဦးမြို့နယ် ရွာစည်ရွာ အခြေခံပညာ အလယ်တန်းကျောင်း အလယ်တန်းပြ ကသ အမှတ်-F-၁၃၆ ဦးတင်ဝင်းအားလည်းကောင်း၊သင်တန်းသူဖွဲ့လုံ့လဆုရ မန္တလေးတိုင်း မိတ္ထီလာမြို့နယ် အောင်ဇေယျာ(၉)ရပ်ကွက် အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်း မူလတန်းပြ ကသအမှတ်-A-၆၁ ဒေါ်မြမြသောင်းနှင့် စစ်ကိုင်းတိုင်း ပင်လည်ဘူးမြို့နယ် ပိန်းတောရွာ အခြေခံပညာ မူလတန်းကျောင်း မူလတန်းကျောင်းအုပ် ကသအမှတ်-D-၆၃ ဒေါ်ညိုညိုခိုင်အားလည်းကောင်း၊ စံပြအဆောင်ဆုရ သင်တန်းသားတပ်ခွဲ အမျိုးသားအမှတ်(၁) တပ်ခွဲအဆောင်(၁) နှင့် သင်တန်းသူတပ်ခွဲ အမျိုးသမီးအမှတ်(၅)တပ်ခွဲ အဆောင်(၂)တို့မှ အဆောင်ခေါင်းဆောင်တို့အား ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းခေါင်းဆောင်များအား သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်းသည် သင်တန်းဆင်း သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား ၂၂၇ဦး၊ သင်တန်းသူ ၁၀၈၁ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၁၃၀၈ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ်အခမ်းအနား ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့၌ကျင်းပ

ရန်ကုန် အောက်တိုဘာ ၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) ရဲတပ်ဖွဲ့၏ (၄၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ ၁ ရက်က လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကံလှိုင်၊ စစ်ဘက်/နယ်ဘက်မှ ပုဂ္ဂိုလ်များနှင့် တပ်ဖွဲ့ဝင် မိသားစုအင်အား ၅၀၀ခန့် တက်ရောက်ခဲ့သည်။ အခမ်းအနားတွင် ပြည်နယ်ရဲတပ်ဖွဲ့မှူးက ရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် အမှာစကားပြောကြားပြီး ဆုရတပ်ဖွဲ့ဝင်များနှင့် တပ်ဖွဲ့ဝင် မိသားစုများအား ပြည်နယ်ရဲတပ်ဖွဲ့မှူး **(အောက်ပုံ)**၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး၊ ဒုတိယတိုင်းမှူး၏ဇနီးနှင့် ပြည်နယ်ရဲတပ်ဖွဲ့မှူး၏ဇနီးတို့က ဆုများအသီးသီး ချီးမြှင့်ပေးအပ်ကြောင်း သိရသည်။ **(က-ပ)**

နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီး တရားပွဲ

ရန်ကုန် အောက်တိုဘာ ၉

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ဓမ္မာရုံ၌ ၁၃၆၉ခုနှစ် တော်သလင်းလကွယ်နေ့ (အောက်တိုဘာ ၁၀ရက်)ကြာသပတေးနေ့ည၇နာရီတွင် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ အဖွဲ့ဝင် ရခိုင်ပြည်နယ် တောင်ကုတ်မြို့ စေတျာရာမကျောင်းတိုက် ဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သူရိယဇေက နိဗ္ဗာန် ရောက်ကြောင်း တရားတော်များ ဟောကြား ချီးမြှင့်တော်မူမည် ဖြစ်ကြောင်း သာသနာရေး ဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ကဲ ဘယ့်နှယ်ရှိစ၊ လိမ်တာမိပြီ BBC

မြေလတ်သား

BBC၊ VOA၊ RFA နှင့် DVB တို့သည် မှန်တာမှလွဲ၍ မဟုတ်တာ အကုန်ပြောမည်ဟု ကျမ်းကျိန်ပြီး ထူထောင်ထားလေသလား မသိ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် ခြယ်လှယ်ရာတွင် လုပ်ကြံဖန်တီးပြောဆိုမှု လွန်ကဲလှ။

BBC ၏ လုပ်ကြံဖန်တီး၍ သတင်းတင်ဆက်ခြင်းမှာ ဘူးပေါ်သလိုပေါ် ခဲ့ပြီဖြစ်။ သူ၏အပေါင်းပါများ ဖြစ်ကြသော VOA၊ RFA နှင့် DVB တို့မှာလည်း BBC နှင့် တစ်ကျိတ်တည်း တစ်ဉာဏ်တည်းဖြစ်ရာ ထိုနည်းလည်းကောင်း လုပ်ကြံ ဖန်တီးကြမည်မှာ ကေန်မုချပင်။

တစ်ချိန်သောအခါကဆိုလျှင် ကျွန်တော်သည် BBC နှင့် VOA စသော အသံလွှင့်ဌာနများ၏ ပရိသတ်ဖြစ်သည်။

နံနက်လင်း၍ လက်ဖက်ရည်ဆိုင်၌ သူငယ်ချင်းများ၏ စကားဝိုင်းတွင် အများနည်းတူ ဝင်ရောက်ဆွေးနွေး ပြောဆိုနိုင်ရန် ထိုအသံလွှင့်ဌာနများ၏ အသံလွှင့်ချက်များကို ကြိုးစားပမ်းစားအချိန်ပေး၍ နားထောင်ရသည်မှာလည်း နိစ္စဓူဝ အလုပ်တစ်ခုလို ဖြစ်ခဲ့ပါသည်။

သူတို့လေလှိုင်းသံမှ ပြောသမျှကို အဟုတ်ထင်မှတ်ခဲ့သည်။ သူတို့ ထုတ်လွှင့်သမျှ သတင်းတွေကို အမှန်ထင်ခဲ့သည်။

ထိုစဉ်ကဆိုလျှင် နံနက်လင်း၍ လမ်းထွက်လိုက်လျှင်၊အပေါင်းအသင်းများနှင့် တွေ့လိုက်သည်ဆိုလျှင်ပင် "ဟေ့ ညက BBC ပြောတာကြားတယ် မဟုတ်လား"ဟု နှုတ်ဆက်ရင်း ပြောကြသည်။

သူတို့ထုတ်လွှင့်သောသတင်းများကို အခြေခံ၍ အချိန်ကုန်ခံကာ စကားဝိုင်း ဖွဲ့ခဲ့ကြသည်။

ထိုစဉ်က ဤသို့ပြောရဆိုရသည်ကို ဖက်ရှင်တစ်ခုအသွင် ထင်မြင်ကာ အချိန်တွေကို လေပန်းခြင်းဖြင့် ကုန်လွန်စေခဲ့သည်။

၈၈ ခုနှစ် မင်းမဲ့စရိုက် အရေးအခင်းကာလ လွန်မြောက်လာသော အခါ၌ကား ကျွန်တော်သည် ထို BBC၊ VOA အုပ်စုများနှင့် လမ်းခွဲလိုက်ပါသည်။

ကျွန်တော်သည် ၈၈ အရေးအခင်း မဖြစ်ပွားမီနှင့် အရေးအခင်း ဖြစ်ပွားနေစဉ် ကာလတစ်လျှောက်လုံး BBC နှင့် VOA အသံကို နားထောင်ခြင်း မပျက်ခဲ့။

၈၈ အရေးအခင်းတွင် မင်းမဲ့စရိုက် ဖြစ်ပွားခဲ့သော သဃ်န်းကျွန်းမြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်တို့မှ လူသတ်ခေါင်းဖြတ်သည့် အရိုင်းအစိုင်းလုပ်ရပ်တို့ကို တွေ့မြင်လာရသောအခါ စိတ်မကောင်းခြင်း ကြီးစွာ ဖြစ်ရသလို တုန်လှုပ်ချောက်ချားမှုကိုလည်း ခံစားလာခဲ့ရပါသည်။ ထိုအခါ ဤ ၁၉၈၈ ခုနှစ် အရေးအခင်းဖြစ်ပွားရန် မည်သူ လှုံ့ဆော် ဖန်တီးသနည်းဟု နဖူးပေါ်လက်တင်၍ ကြိမ်ဖန်များစွာ စဉ်းစားခဲ့ရာ BBC နှင့် VOA တို့၏ မြှောက်ပင့်ပေးမှု၊ သွေးထိုးလှုံ့ဆော်မှုတို့ကြောင့် ဖြစ်သည်ဟု အဖြေရှာ၍ ရခဲ့ပါသည်။

ဤတွင် ကျွန်တော်၏ စိတ်အစဉ်သည် BBCနှင့် VOAတို့နှင့် တကွ အလားတူ အသံလွှင့်ဌာနများ၏ အသံလွှင့် ပြောကြားချက်များကို နားထောင်လိုစိတ် မရှိတော့။ "ဒို့နိုင်ငံတော်ရဲ့ တည်ငြိမ်အေးချမ်းမှုကို ဖျက်ဆီးပြီး လူတွေ ကျီးလန့်စာစားဘဝကိုရောက်အောင် မြှောက်ပင့်ပေးတဲ့ အသံတွေ"ဟု ခံစားနားလည်လာပြီး သင်းတို့အား နှလုံးနာလာပါသည်။

ထို့ကြောင့်ပင် ထိုစဉ်ကစ၍ ကျွန်တော်သည် BBC နှင့် VOA တို့၏အသံကို လုံးဝနားထောင်ခြင်း မပြုတော့။

သို့သော် ကိုယ်တိုင် တိုက်ရိုက် မကြားရသော်လည်း တစ်ဆင့်ပြောကတော့ မပြတ်ကြားနေရပါ၏။

တစ်နေ့တွင် လမ်းပေါ်၌ NLD လိုလားသူ BBC ပရိသတ် တစ်ယောက်နှင့် ဆုံသည်။ သူသည် လမ်းစဉ်ပါတီ အစိုးရခေတ်က လက်ထောက်မြို့ပိုင် တာဝန်ထမ်းဆောင်ရင်း ဗကပနှင့် ဆက်သွယ်သည်ကို မိ၍ အရေးယူခံရပြီး အလုပ်ပြုတ်ခဲ့သူဖြစ်သည်။ သူက "ခင်ဗျား ကြားပြီးပြီလား၊ လူတွေ ငတ်ကုန်ပြီဗျ၊ ထမင်းတောင် မစားနိုင်ဘဲ ထမင်းရည် သောက်နေရတဲ့ဘဝ ရောက်ကုန်ပြီ"ဟု တွေ့လျှင်တွေ့ချင်း ပြောသည်။

ကျွန်တော်က "ဟုတ်ရဲ့လားဗျာ– ဘယ်မှာငတ်နေတာလဲ"ဟု မေးရာ "မြို့စွန်မြို့ဖျား ရပ်ကွက်တွေမှာဗျ"ဟု ဖြေသည်။

"ဘယ်ရပ်ကွက်တွေမှာလဲ ပြောစမ်းပါဦး"

"မြောက်ဥက္ကလာတို့ ဘာတို့မှာဗျ"

"ခင်ဗျားဘယ်က ကြားတာလဲ၊ ခင်ဗျားကိုယ်တွေ့လား" ကျွန်တော်က စေ့စေ့ပေါက်ပေါက် ထပ်မေးသည်။

"အခုမနက် BBC က လွှင့်တာလေဗျာ"

သူ့စကားကြားတော့ ကျွန်တော်ဘာမျှ ဆက်ပြောချင်စိတ် မရှိတော့ပါ။ ကျွန်တော်လုံးဝ အယုံအကြည်မရှိသော သတင်းဌာန၏ ပြောကြားချက်ကို တစ်ဆင့်စကားဖြင့်ပင် နားထောင်လိုစိတ် မရှိတော့။

နောက်တော့ ထိုသတင်းနှင့်စပ်လျဉ်း၍ မြောက်ဥက္ကလာမှ ညီဖြစ်သူထံ ဖုန်းဆက်ပြီးမေးတော့၊ ကျွန်တော့်ညီက ဟက်ဟက်ပက်ပက် ရယ်၍ "ထမင်းရည်လိုက်ဝယ်တယ်ဆိုတာကတော့ မှန်ပါတယ် အစ်ကို၊ ဒါပေမယ့် ထမင်းမစားနိုင်လို့ သောက်ဖို့ဝယ်တာတော့ မဟုတ်ပါဘူး။ လုပ်ငန်းရှင် တစ်ဦးက သူ့လုပ်ငန်းအတွက် အဝယ်တော်တွေလွှတ်ပြီး ဝယ်ခိုင်း နေတာပါ"ဟု ပြောပြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့

BBC က လိမ်ညာထုတ်လွှင့်ခဲ့မှုနှင့် ပတ်သက်သော သတင်းတစ်ပုဒ်ကို ရိုက်တာ သတင်းဌာနက ၃–၁၀–၂၀၀၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့။ ထိုသတင်းမှာ ၂၀–၄–၂၀၀၆ရက်နေ့တွင် BBC အသံလွှင့်ဌာနက တယ်လီဖုန်းဖြင့် တွေ့ဆုံမေးမြန်းခန်းကို ရေဒီယို အစီအစဉ်တစ်ခု၌ ထုတ်လွှင့်ခဲ့ရာ ၎င်းအစီအစဉ်တွင် BBC ဝန်ထမ်းတစ်ဦးကိုယ်တိုင် ပြင်ပပရိသတ်အသွင် ဟန်ဆောင်ခဲ့ခြင်းဖြစ်။ အဆိုပါသတင်းနှင့် ပတ်သက်၍ BBC အသံလွှင့်ဌာနက လိမ်ညာထုတ်လွှင့်ခဲ့သည်မှာ မှန်ကန်ကြောင်း ၂–၁၀–၂၀၀၇ ရက်နေ့တွင် ဝန်ခံပြောကြား။ ၂၀၀၇ ခုနှစ် ဇူလိုင်လအတွင်းကလည်း အလားတူအဖြစ်မျိုး ဖြစ်ပွားခဲ့၍ မီဒီယာစောင့်ကြည့်ရေးအဖွဲ့ (အော့ဖ်ကွမ်း) က BBC အသံလွှင့်ဌာနကို ဒဏ်ငွေ ပေါင် ၅၀၀၀၀ (ငါးသောင်း) တပ်ရိုက်ခဲ့။

(၁၅) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်

(၁) ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်အပေါ် အခြေခံသည့် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် ထက်မြက်မြင့်မားစေရန်။
(၂) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်။
(၃) မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာများ ရှင်သန်ထွန်းကားပြန့်ပွားရန်။
(၄) လူငယ်ထု၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှုကို တိုးတက်ဖြစ်ထွန်း စေရန်။
(၅) တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်။

စာမျက်နှာ ၄ ဆောင်းပါးမှအဆက်

ထိုမြို့ပိုင်ပြုတ်နှင့် နောက်တစ်ကြိမ်တွေ့တော့ သူက "အစိုးရပြုတ်ကျ တော့မယ်ဗျ၊ မကြာတော့ဘူး"ဟု ပြောပြန်သည်။

ကျွန်တော်က "ဘာလဲ BBC က ပြောပြန်ပြီလား၊ တော်စမ်းပါဗျာ၊ ခင်ဗျားနဲ့တွေ့တိုင်း ပြုတ်မယ်၊ ကြော်မယ်နဲ့ ပြောလာတာ ဆယ်စုနှစ် တစ်စုကျော်လောက်ရှိပြီ၊ ခင်ဗျား ဓာတ်ပြားဟောင်းကြီးက ကွဲပဲမကွဲနိုင်ဘူး"ဟု ပြောပြီး သူ့အား ကျောခိုင်းထွက်ခွာခဲ့၏။

နောက်ပိုင်း မြန်မာနိုင်ငံအား ပိုမိုထိရောက်စွာ စွက်ဖက်နိုင်ရေး အတွက် အသံလွှင့်ဌာန နှစ်ခုထပ်တိုးလာသည်။ RFA နှင့် DVB ဆိုသော အသံလွှင့်ဌာနများ ဖြစ်သည်။

ယခုအခါ BBC၊ VOA၊ RFA နှင့် DVB တို့သည် မှန်တာမှ လွဲ၍ မဟုတ်တာ အကုန်ပြောမည်ဟု ကျမ်းကျိန်ပြီး ထူထောင်ထားလေ သလားမသိ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်ရာတွင် လုပ်ကြံဖန်တီးပြောဆိုမှု လွန်ကဲလာသည်။

ကျွန်တော်သည်လည်း သင်းတို့အသံကို လုံးဝသပိတ်မှောက်ထားရာမှ လောလောဆယ်ဖြစ်ပွားနေသော အရေးအခင်းနှင့် စပ်လျဉ်း၍ ယင်းတို့၏ ခြေရှုပ်မှုကို သိနိုင်ရန် ပြန်လည်နားထောင်ခဲ့ရပြန်၏။

အဆိုပါ လေလှိုင်းသံများတွင် ရန်ကုန်၊ မန္တလေးမြို့တို့မှ ဆန္ဒပြမှု သတင်းထုတ်လွှင့်ရာတွင် တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းသည့် အစီအစဉ်ကို လှိုင်လှိုင်ကြီးအသုံးပြု လွှင့်ထုတ်လာသည်။ ဆန္ဒပြ ရဟန်း တစ်ပါးနှင့် ဆက်သွယ်မေးမြန်းခြင်းဟူ၍ လည်းကောင်း၊ မျက်မြင်သက်သေ တစ်ဦး၏ ပြောကြားချက်ဟူ၍ လည်းကောင်း ခေါင်းစဉ်များတပ်ကာ ထုတ်လွှင့်ကြသည်။

တစ်နေ့တွင် လုပ်ငန်းခွင်အနားယူချိန်၌ စာရေးသူသည် ဆရာသမား တစ်ဦး၏ ရုံးခန်းသို့ ရောက်ရှိပြီး BBC၊ VOA၊ RFA နှင့် DVB အသံလွှင့်ချက်များကို စကားစပ်မိကြ၏။

စာရေးသူက တယ်လီဖုန်းဖြင့် မျက်မြင်သက်သေတို့၏ ပြောကြားခြင်းနှင့် ဘုန်းတော်ကြီးများနှင့် ဆက်သွယ်မေးမြန်းချက် ဆိုသည့် လေလှိုင်းသံအစီအစဉ်အကြောင်းကိုပြောပြရာ ဆရာသမားက ကျွန်တော်၏ ပြောပြချက်ကို နားထောင်ပြီးနောက် အောက်ပါအတိုင်း ပြန်လည် ပြောပြသည်–

"ရေဒီယိုဆိုတာက ရုပ်မပေါ်ဘူး၊ အသံပဲကြားရတာ မဟုတ်လား။ ဘုန်းတော်ကြီးတစ်ပါးက ဖြေတယ်ဆိုပြီး သူတို့တပည့် တစ်ယောက်ယောက်ကို ပြောခိုင်းရင်လည်းရတာပဲ၊ သူတို့က ဘုန်းကြီးဘွဲ့၊ သီတင်းသုံးရာ ကျောင်းအမည်၊ နေရပ်လိပ်စာလဲ ပြောတာမဟုတ်ဘူး။ ဘုန်းကြီးလေနဲ့ ပြောတတ်တဲ့ လူတစ်ယောက်ကို သူပြောစေချင်သလို အပြောခိုင်းပြီး လွှင့်မယ်ဆိုလဲ ကျွန်တော်တို့ သိနိုင်တာမှမဟုတ်တာ။ ပြီးတော့ မျက်မြင်သက်သေဆိုတာတွေကလဲ သူတို့ရဲ့ကြေးစားတွေကိုသုံးပြီး အပြောခိုင်းလဲ ဘယ်သူသိတာမှတ်လို့။ အဲဒီလူတွေလဲ နာမည်မပြော၊ လိပ်စာမပါ လွှင့်တာပဲ မဟုတ်လား"

ဆရာသမားက ဤသို့ သူ့အတွေး၊ သူ့အမြင်ကိုပြောပြရာ ကျွန်တော်က "ဖြစ်နိုင်တာပေါ့ဆရာ"ဟု ထောက်ခံလိုက်မိသည်။

BBC က လိမ်ညာထုတ်လွှင့်ခဲ့မှုနှင့် ပတ်သက်သော သတင်းတစ်ပုဒ်ကို ရိုက်တာသတင်းဌာနက ၃–၁၀–၂၀၀၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

ထိုသတင်းမှာ ၂၀–၄–၂၀၀၆ရက်နေ့တွင် BBCအသံလွှင့်ဌာနက တယ်လီဖုန်းဖြင့် တွေ့ဆုံမေးမြန်းခန်းကို ရေဒီယို အစီအစဉ်တစ်ခု၌ ထုတ်လွှင့်ခဲ့ရာ ၎င်းအစီအစဉ်တွင် BBC ဝန်ထမ်းတစ်ဦးကိုယ်တိုင် ပြင်ပ ပရိသတ်အသွင်ဟန်ဆောင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါသတင်းနှင့် ပတ်သက်၍ BBC အသံလွှင့်ဌာနက လိမ်ညာထုတ်လွှင့်ခဲ့သည်မှာ မှန်ကန်ကြောင်း ၂–၁၀–၂၀၀၇ ရက်နေ့တွင် ဝန်ခံပြောကြားခဲ့သည်။

၂၀၀၇ ခုနှစ် ဇူလိုင်လအတွင်းကလည်း အလားတူအဖြစ်မျိုး ဖြစ်ပွားခဲ့၍ မီဒီယာစောင့်ကြည့်ရေး အဖွဲ့(အော့ဖ်ကွမ်း)က BBC အသံလွှင့်ဌာနကို ဒဏ်ငွေ ပေါင် ၅၀၀၀၀ (ငါးသောင်း) တပ်ရိုက်ခဲ့သည်။

ထိုသတင်းကို ဖတ်ရှုလိုက်ရသောအခါ ဆရာသမားပြောခဲ့သော စကားကို သတိရလိုက်သည်။

ပညာရှိတို့ တွေးကြည့်က ပေးကြည့်သလို မှန်သည်ဆိုသည့် ဆိုရိုးစကားကိုပါ သတိရလိုက်ပါ၏။

BBC ၏ လုပ်ကြံဖန်တီး၍ သတင်းတင်ဆက်ခြင်းမှာ ဘူးပေါ်သလို ပေါ်ခဲ့ပြီဖြစ်၏။ သူ၏ အပေါင်းပါများဖြစ်ကြသော VOA၊ RFA နှင့် DVB တို့မှာလည်း BBC နှင့် တစ်ကျိတ်တည်း တစ်ဉာဏ်တည်းဖြစ်ရာ ထိုနည်းလည်းကောင်း လုပ်ကြံဖန်တီးကြမည်မှာ ဧကန်မုချပင်ဖြစ်ပါ၏။

ကဲ ဘယ့်နှယ်ရှိစ၊ လိမ်တာမိပြီ BBC ရေဟုသာ ဟစ်အော် ကြွေးကြော်လိုက်ချင်ပါ၏။ ။

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီးတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်မည်

ရန်ကုန် အောက်တိုဘာ ၉

၁၃၆၉ ခုနှစ် တော်သလင်းလကွယ်နေ့ အောက်တိုဘာ ၁၀ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း) ခင်မကန်တိုက်ကျောင်းမှ စစ်ကိုင်းဆရာတော် ဦးခေမိန္ဒအရှင်သူမြတ်နှင့် ညနေ ၃ နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် မဟာဂန္ထဝါစက ပဏ္ဍိတ၊ ပဲခူးတိုင်း (အရှေ့ပိုင်း) ပဲခူးမြို့ ကံထူးဓမ္မရိပ်သာ ဦးစီးပဓာန နာယက ဘဒ္ဒန္တဝါယမအရှင်သူမြတ်တို့က နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို လည်းကောင်း၊ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် ဓာတ်မီး (ဓမ္မဝါစက)ကျောင်း ဦးစီးပဓာနနာယက ဘဒ္ဒန္တဉာဏဝရာဘိဝံသ (သ၊စ၊သ၊အ–ဓမ္မာစရိယ) အရှင်သူမြတ်က ဥပုသ်သီလပေး တရားတော်များကိုလည်းကောင်း ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံကြီး၌ ဟောကြားချီးမြှင့်တော်မူမည်ဟု သိရသည်။ (က–ပ)

စမ်းချောင်းလမ်း ၁၀ ရက်တရားစခန်း ဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၉

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ် ဆရာသက်ကြီး၏ ကိုယ်တွေ့ ဉာဏ်မြင် သမထ ဝိပဿနာအကျင့်မြတ် အလုပ်တရားတော်ကြီးကို ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးကျော်နိုင်ထွန်းက အောက်တိုဘာ ၁၅ ရက်မှ ၂၄ ရက်အထိ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ် ၂၉၊ ဒုတိယလွှာတွင် မွန်းတည့် ၁၂နာရီမှ ညနေ ၅ နာရီအထိ နေ့စဉ်ဓမ္မဒါန ပြုမည်ဖြစ်ရာ ဖုန်း–၅၁၉၀၉၆ သို့ ဆက်သွယ်၍ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်း သိရသည်။ (က–ပ)

ကြည့်လုပ်ကြပါဦး

* မရှင်းမလင်း၊ ယုတ္တိကင်းသော သတင်းမှားတွေ၊ အများနားတွင် အဟုတ်ထင်အောင်၊ တမင်ပို့ပေး ဦးချိုသွေးသော၊ ကြေးစားမီဒီယာ လွန်သဗျာ။

* နွားကွဲကျားဆွဲ၊ ခင်ဗျားပဲပြော ခုပဲတစ်မျိုး၊ မနောဆိုးနှင့် တစ်မျိုးဖြစ်ပြန်၊ ပြောင်းပြန်လှန်၍ တန်ပြန်စကား၊ စဉ်ပြောကြား။

* တစ်ခါသေဖူး၊ အထူးနားဝင် ကြိုသိမြင်လျက်၊ ပျဉ်ဖိုးနားလည် ဆယ်သက်ဆယ်ကမ္ဘာ မယုံပါပြီ၊ ထပ်ခါလှို့ဆော် မကြွေးကြော်နှင့်။

* ငါတို့မြန်မာ၊ တောင့်တရာသည် သာယာအေးချမ်း၊ ဘေးမသမ်းမှု ကောင်းချီးပြုကာ၊ သိမှုပြည့်ဝ နေချင်လှ၍၊ သဘောတစ်မျိုး သွေးထိုးစကား၊ လွှန်နားခါး၏ မှသားဆို၍၊ မိုးလုံးပြည့်မျှ ဝေ့လည်ကြောင်ပတ်၊ မဟုတ်ဟုတ်နှင့် လုပ်ဇာတ်ခင်းသောသတင်းများ။ ။

မောင်မျိုးချစ် (မအူပင်)

လေဖိအားနည်းရပ်ဝန်း အားပျော့ပျက်ပြယ်

နေပြည်တော် အောက်တိုဘာ ၉

ယနေ့နံနက် ၆နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတို့၌ ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ အဘိဓမ္မာအခါတော်နေ့နှင့်ဝါကျွတ်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၉

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ ဝါကျွတ်ဆွမ်းတော်ကြီးတင်ပွဲနှင့် သက်ကြီးပူဇော်ပွဲ၊ ဆရာတော်ကြီးအား ဝါကျွတ်ဂါရဝပူဇော်ပွဲကို ၁၃၆၉ ခုနှစ် သီတင်းကျွတ်လပြည့် ၂၆ ရက်(သောကြာနေ့) နံနက် ၈ နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူတိုင်း ပါဝင်ဆင်နွှဲလှူဒါန်းနိုင်ကြောင်းသိရသည်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀–၁၀–၂၀၀၇
(ဗုဒ္ဓဟူးနေ့)
AM & PM

၇း၀၀ – ၁း၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅ – ၁း၀၅ "အဖော်မဲ့ခရီးသည်" တရားတော် (ဓမ္မဒူတဒေါက်တာ အရှင်ပညိဿရ)
၇း၄၀ – ၁း၄၀ စေတီတို့ရဲ့နောင်တော် တွံတေးရွှေဆံတော်
၇း၅၀ – ၁း၅၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၂၀ – ၂း၂၀ ကျွန်းမျောပေါ်က ခရမ်းချဉ်သီး
၈း၄၀ – ၂း၄၀ တေးဂီတအစီအစဉ်
၈း၄၅ – ၂း၄၅ Midweek Sports News
၉း၀၀ – ၃း၀၀ ပြည်တွင်းသတင်းအကျဉ်း
၉း၁၀ – ၃း၁၀ ထင်ရှားဖူးမြော် ကျုံမငေးမြို့မှ မြတ်စွယ်တော်
၉း၃၀ – ၃း၃၀ တေးဂီတအစီအစဉ်
၉း၃၅ – ၃း၃၅ နိုင်ငံတကာသတင်းအကျဉ်း
၉း၄၀ – ၃း၄၀ ဖန်တီးတီထွင် ရုပ်သေးအနုပညာရှင်
၁၀း၁၀ – ၄း၁၀ တေးဂီတအစီအစဉ်
၁၀း၁၅ – ၄း၁၅ မြန်မာစာ၊မြန်မာစကား(၈)
၁၀း၃၀ – ၄း၃၀ မိုးလေဝသခန့်မှန်းချက်
၁၀း၃၅ – ၄း၃၅ တေးဂီတအစီအစဉ်
၁၀း၄၀ – ၄း၄၀ အန္တရာယ်ကင်းသော မိခင်ဘဝ (ဒေါက်တာသိန်းသိန်းဌေး)
၁၀း၅၀ – ၄း၅၀ ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀ – ၅း၀၀ သဘာဝဘေးအန္တရာယ် ကာကွယ်မှုနှင့် မြန်မာနိုင်ငံ (အပိုင်း–၂)
၁၁း၄၅ – ၅း၄၅ နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၀ – ၅း၅၀ တေးဂီတအစီအစဉ်
၁၁း၅၅ – ၅း၅၅ အောင်မြင်ရှင်သန်နေသော ရော်ဘာစိုက်ခင်းရရှိရေး အတွက် ဆောင်ရွက် ရမည့် လုပ်ငန်းများ
၁၂း၀၅ – ၆း၀၅ တေးဂီတအစီအစဉ်
၁၂း၁၀ – ၆း၁၀ ရှေးဟောင်းအမွေ ဆည်ကန်ရေ၊ စိမ်းစိုလန်းဖြာမြကန်သာ
၁၂း၂၅ – ၆း၂၅ International Video Topics (ပင်လယ်ရေနက် အောက်မှ သဘာဝဓာတ်ငွေ့သိုက်)
၁း၀၀ – ၇း၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

10-10 (05) 1 10/10/07, 2:27 AM

ပြည်ပအသံလွှင့်ဌာနများက မိုးလုံးပြည့်မုသားစကားများ တွင်တွင်သုံးပြီး အစိုးရနှင့် ရဟန်းရှင်လူ ပြည်သူများအကြား သွေးကွဲအောင်ဖန်တီး

အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ အခမ်းအနားကို ကရင်ပြည်နယ် ဘားအံမြို့ သီရိကွင်း၌ကျင်းပရာ သဘာပတိ ဘားအံမြို့မှ မြို့မိမြို့ဖ ဘားအံတက္ကသိုလ် စီမံရေးရာဌာန ဌာနကြီးမှူး ဦးစောညွန့်သောင်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

*** ရှေ့ဖုံးမှ**

အဆိုပါအခမ်းအနားသို့ ကရင်ပြည်နယ်အတွင်းရှိ ဘားအံ၊ ကော့ကရိတ်၊ မြဝတီ၊ ဖာပွန်၊ လှိုင်းဘွဲ၊ သံတောင်နှင့် ကြာအင်းဆိပ်ကြီးနယ်တို့မှ မြို့မိမြို့ဖများ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ လူမှုရေးအသင်းအဖွဲ့ အသီးသီးတို့မှ အဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံ တိုင်းရင်းသား တိုင်းရင်းသူများ စုစုပေါင်းအင်အား ခြောက်သောင်းကျော်တို့ အင်တိုက်အားတိုက် တစ်ခဲနက်တက်ရောက်ကြသည်။

စနစ်တကျချီတက်

အခမ်းအနားမစတင်မီ နံနက် ၆ နာရီမှစတင်၍ စစ်ကြောင်းမှူး ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်မြင့်သိန်း ဦးဆောင်သော ဘားအံစစ်ကြောင်းသည် ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးရှေ့ရှိ စုရပ်မှလည်းကောင်း၊ စစ်ကြောင်းမှူး အရန်မီးသတ်တပ်ဖွဲ့မှ ဦးကိုကိုနိုင် ဦးဆောင်သော ကော့ကရိတ်စစ်ကြောင်းသည် ပြည်နယ် စည်ပင်ရုံးရှေ့ရှိ စုရပ်မှလည်းကောင်း၊ စစ်ကြောင်းမှူး လှိုင်းဘွဲမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစောအုန်းတင် ဦးဆောင်သော ဖွဲကပင်စစ်ကြောင်းသည် ဟသ်ာကုန်းစုရပ်မှလည်းကောင်း၊ စစ်ကြောင်းမှူး ပြည်နယ်ကြက်ခြေနီအသင်းမှ ဦးခွန်ကျော်ဝင်း ဦးဆောင်သော မြဝတီစစ်ကြောင်းသည် နှမ်းလုံးကြိုင်လမ်း စုရပ်မှလည်းကောင်း အခမ်းအနားကျင်းပမည့် သီရိကွင်းအတွင်းသို့ စနစ်တကျ ချီတက်ကြပြီး သတ်မှတ်နေရာအသီးသီးတို့၌ နေရာယူကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ဘားအံမြို့မှ မြို့မိမြို့ဖ ဘားအံတက္ကသိုလ် စီမံရေးရာဌာန ဌာနကြီးမှူး ဦးစောညွန့်သောင်းက ဆောင်ရွက်၍ သဘာပတိ အဖွဲ့ဝင်များအဖြစ် ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစောဟန်အေး၊ ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်စိန်၊ ကရင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့မှ ဒေါ်နန်းအေးကြည်၊ ကရင်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ အဖွဲ့ဝင် ဦးကြည်လင်၊ မြို့မိမြို့ဖ ပအိုဝ်းတိုင်းရင်းသား ဦးခွန်သန်းမြင့်နှင့် မြို့မိမြို့ဖ မွန်တိုင်းရင်းသူ ဒေါ်ငွေချည်တို့က ဆောင်ရွက်ကြသည်။

အခမ်းအနားတွင် ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင် ဒေါ်နန်းနီနီအေးက အခမ်းအနားမှူးအဖြစ် ဆောင်ရွက် ပြီး ဘားအံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှု ဆောင် ဒေါ်ထားအိဝင်းက တွဲဖက်အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

နိုင်ငံတော်အလံအလေးပြု

ရှေးဦးစွာ သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များသည် စင်မြင့်ပေါ်၌ နေရာယူကြပြီး အခမ်းအနားမှူးက သဘာပတိ၏ ခွင့်ပြုချက်အရ အခမ်းအနား စတင်ကျင်းပကြောင်း ကြေညာ၍ အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီးက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် သဘာပတိ ဘားအံမြို့မှ မြို့မိမြို့ဖ ဘားအံတက္ကသိုလ် စီမံရေးရာဌာန ဌာနကြီးမှူး ဦးစောညွန့်သောင်းက အဖွင့်အမှာစကားပြောကြားရာတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ် တည်ဆောက်ရေးသည် နိုင်ငံတော်၏ အမျိုးသားရေး ရည်မှန်းချက်ပင်ဖြစ်ကြောင်း၊ အမျိုးသားရေးရည်မှန်းချက်များ အောင်မြင်စေရန် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများ ပေါ်ထွက်လာမှုနှင့်အတူ နိုင်ငံတော် အသွင်ကူးပြောင်းရေးကို ဖန်တီးဖော်ဆောင်ပေးလျက်ရှိကြောင်း၊ ထိုသို့ဖော်ဆောင်ရာတွင် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် အခြေခံရမည့်မူများနှင့် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံကြီးကို ၂၀၀၇ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီးဖြစ်ကြောင်း။

အသွင်ကူးပြောင်းရေး

နိုင်ငံတော် အသွင်ကူးပြောင်းရေး ဖြစ်စဉ်အဆင့်ဆင့်တွင် နိုင်ငံတော်သစ်ကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲစေရန် တည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှု၊ တရားဥပဒေစိုးမိုးမှု၊ အမျိုးသား အကျိုးစီးပွားခိုင်မာမှု စသည့် အခြေခံကောင်းများ ဆက်လက်ဖြစ်ထွန်းနေရန် လိုအပ်ကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် လိုအပ်သည့် အခြေခံမူနှင့် အသေးစိတ် အခြေခံရမည့်မူများကို ရရှိအောင် ညှိနှိုင်းဆွေးနွေးရာ၌ အမျိုးသားညီလာခံကြီး တွင် ပုဂ္ဂိုလ်တစ်ဦး နှစ်ဦး၊ အဖွဲ့အစည်း တစ်ခုနှစ်ခုတို့ကသာ ညှိနှိုင်းဆွေးနွေး ခြင်းမဟုတ်ဘဲ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ် များနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအားလုံး လေးနက်ကျယ်ပြန့်စွာ တွေ့ဆုံဆွေးနွေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

ပိုပြီး ခိုင်မာပြည့်စုံ

ပါလီမန်ဒီမိုကရေစီခေတ်က ကျင့်သုံးခဲ့သည့် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် နယ်ချဲ့လက်အောက်တွင် ရေးဆွဲပြဋ္ဌာန်းခဲ့သည့် ဥပဒေဖြစ်ကြောင်း၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း တစ်ပါတီစနစ်နှင့် ဆိုရှယ်လစ်စီးပွားရေးစနစ်ကိုသာ အခြေခံရေးဆွဲထားသည့် ဥပဒေဖြစ်၍ ယနေ့ ခေတ်နှင့် လျော်ညီမှုမရှိတော့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ယခု အမျိုးသား ညီလာခံက ချမှတ်လိုက်သည့် အခြေခံမူများမှာ ယခင် ၁၉၄၇ ခုနှစ် ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့ထက် ပိုပြီး ခိုင်မာပြည့်စုံသည် ဆိုသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ယင်းကဲ့သို့ နိုင်ငံတော်အတွက် မရှိမဖြစ် အရေးကြီးလှသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေဖြစ်ပေါ်လာရန် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ အဆင့်ဆင့်လုပ်ဆောင် နေသည်များကို ပျက်စီးရာပျက်စီးကြောင်းနှင့် ရှုပ်ထွေးနေပြီဖြစ်သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံရလဒ်ကောင်းများ ပျက်ပြားသွားရန် အဖျက်အမှောင့် လုပ်ရပ်များ၊ ဆူပူလှုံ့ဆော်မှုများ၊ ဘေးပယောဂ နိုင်ငံရေးအမြတ်ထုတ်မှုများ လုပ်ဆောင်လာသည်ကို တွေ့နေရကြောင်း၊ အထူးသဖြင့် အင်အားကြီးနိုင်ငံ အချို့က ပြည်တွင်းရေး မငြိမ်မသက်ဖြစ်ပေါ်စေရန် အားပေးအားမြှောက် ဖျက်လိုဖျက်ဆီးပြုလာကြကြောင်း။

ကရင်ပြည်နယ် ဘားအံမြို့ အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲအခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းနီနီအေးနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ဘားအံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ထားအိဝင်းတို့ ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

ပြည်သူအများစုက အမျိုးသားညီလာခံနှင့် ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ထောက်ခံကြိုဆိုနေသည့်အချိန်တွင် ပြည်ပ အသံလွှင့်ဌာနများနှင့် နိုင်ငံခြား မီဒီယာများက မိုးလုံးပြည့် မုသားစကားများကို တွင်တွင်သုံးပြီး မိမိတို့နိုင်ငံရှိ အစိုးရနှင့် ရဟန်းရှင်လူ ပြည်သူများအကြား သွေးကွဲအောင် ဖန်တီးနေကြကြောင်း၊ နိုင်ငံတော်အစိုးရသည် မိဘနှင့်တူကြောင်း၊ မိမိ မိသားစု စားဝတ်နေရေး ပြေလည်ရန်၊ ကြီးပွားတိုးတက်ရန် အိမ်တွင်းသာယာရန်အတွက် သည် မိဘတိုင်း၏ ဆန္ဒဖြစ်ကြောင်း၊ သားသမီးပျော်မှ မိဘ စိတ်ချမ်းသာမည် ဖြစ်ကြောင်း၊ မိသားစုအတွင်း ရင်းနှီးချစ်ခင်ပျော်ရွှင်စွာ နေထိုင်ကြရန်လိုကြောင်း၊ နိုင်ငံတချို့က လေလှိုင်းပေါ်က လူသတ်သမားအဖြစ် လေဖြင့် ဖိအားပေးပြီး သားပုပ်လေလွင့် ပြောနေသည်များကို ပြည်သူအများက နားမယောင်ရန် အရေးကြီးကြောင်း၊ လက်တစ်ဆုပ်စာ ပြည်တွင်းအဖျက်သမားများကို ဖော်ထုတ် ကြစေလိုကြောင်း၊ ယခုတက်ရောက်လာသည့် ပရိသတ်ကြီးသည် နိုင်ငံတော်ကြီး၏ အင်အား၊ မိမိတို့ပြည်နယ်ကြီး၏ ဖွံ့ဖြိုးတိုးတက်ရန် စွမ်းဆောင်နေသည့် သွေးရင်း ညီအစ်ကိုမောင်နှမများဖြစ်ကြကြောင်း။

ရုပ်သေးရုပ်များ

ပုဆိန်ရိုးနှင့် နယ်ချဲ့သစ္စာဖောက်များသည် ယခုဆိုလျှင် သွေးရူးသွေးတန်း ဖြစ်နေကြကြောင်း၊ အရာရာကို ဆုံးရှုံးရမည့်ကိန်း ရောက်နေသည့်အတွက် ကျားနာခဲ-ခဲနေကြောင်း၊ မြင်သမျှကို ရမ်းချင်နေကြကြောင်း၊ နယ်ချဲ့များ၏ ဒေါ်လာကို မစို့မပို့ရယူထားသည့်အတွက် ကြိုးဆွဲသမျှ ကရသော ရုပ်သေးရုပ်များ ဖြစ်နေကြကြောင်း၊ ယခုရုပ်သေးရုပ်များ ကြိုးရှုပ်နေပြီဖြစ်၍ ယခုအချိန်သည် မိမိတို့ ညီအစ်ကို မောင်ရင်းနှမများ စည်းလုံးညီညွတ်ကြရန် လိုအပ်နေကြောင်း၊ သွေးစည်းကြရန်လိုအပ်ကြောင်း၊ ယနေ့ပွဲသည် ကရင်ပြည်နယ် လူဦးရေ ၁၇ သိန်း၏ ဆန္ဒဖော်ထုတ်ပြသည့်ပွဲ၊ ထောက်ခံကြိုဆိုသည့်ပွဲပင်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် အမျိုးသားညီလာခံကြီးက ချမှတ်ခဲ့သည့် အခြေခံမူများ သည် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် အေးချမ်း သာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးနှင့် အစွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက် မြန်မာနိုင်ငံ၏ ပကတိအခြေအနေပေါ်တွင် အခြေခံပြီး ချမှတ်ထားခြင်းဖြစ် ကြောင်း၊ ထို့ကြောင့် အမျိုးသားညီလာခံကြီးက ချမှတ်ထားသည့် အခြေခံမူ ရလဒ်ကောင်းများနှင့်အညီ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေး အတွက် တိုင်းရင်းသား ပြည်သူလူထု၏ စုပေါင်းအားဖြင့် လက်တွဲညီညီ ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြပါစို့ ဟု ပြောကြားသည်။

တည်မြဲရေးဆွဲ

ဆက်လက်၍ ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင် ဦးစောထူးကပေါ်က အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံ ကြိုဆိုခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို ဖတ်ကြားတင်သွင်းရာတွင် နိုင်ငံတော် ၏ အမျိုးသားရေး ရည်မှန်းချက် ပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေးဖြစ်ကြောင်း၊ ယင်း ရည်မှန်းချက်ပန်းတိုင်သည် နိုင်ငံတော် ကို ချစ်မြတ်နိုးသည့် နိုင်ငံသား

စာမျက်နှာ ၇ ကော်လံ ၁ သို့

ကရင်ပြည်နယ် ဘားအံမြို့ အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ အခမ်းအနားသို့ မြို့မိမြို့ဖများ၊ တိုင်းရင်းသား ခေါင်းဆောင်များ၊ လူမှုရေးအသင်းအဖွဲ့ အသီးသီးနှင့် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့ အဖွဲ့ဝင်များ၊ စီးပွားရေးနှင့် စက်မှုလက်မှုဆိုင်ရာ အဖွဲ့အစည်းများ၊ တောင်သူလယ်သမား၊ အလုပ်သမားများ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံ တိုင်းရင်းသား တိုင်းရင်းသူများ စစ်ကြောင်းပုံဖြင့် စနစ်တကျ ချီတက်ကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

အားလုံးက တညီတညွတ်တည်း ယုံကြည်လက်ခံထားသော မွန်မြတ်သည့် ပန်းတိုင်ဖြစ်ကြောင်း၊ ဤမွန်မြတ်သည့် ပန်းတိုင်ကို အရောက်လှမ်းနိုင်ရန်သည် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ရမည် ဖြစ်ကြောင်း၊ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်သည် ဒို့တာဝန်အရေး(၃)ပါး၏ အခြေခံဖြစ်သည်နှင့်အညီ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ အသည်းနှလုံးထဲတွင်လည်း မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ အစဉ်ကိန်းအောင်းနေရန် အရေးကြီးလှကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်၊ အဖွဲ့အစည်း တစ်ဖွဲ့၊ အစိုးရတစ်ဖွဲ့က ရေးဆွဲပြဋ္ဌာန်းခြင်းမျိုး လုံးဝမဖြစ်သင့်ကြောင်း၊ အခြားနိုင်ငံများ၏ ဥပဒေကို ပုံတူကူးချ၍လည်းမရကြောင်း၊ ပြည်ပနိုင်ငံတစ်ခုခုကလည်း ရေးဆွဲပေး၍ မရကြောင်း၊ မိမိနိုင်ငံ၏ သမိုင်းကြောင်းအခြေအနေနှင့် ပကတိအခြေအနေ အရပ်ရပ်အပေါ်တွင် တည်မှီ၍ ရေးဆွဲရမည်သာဖြစ်ကြောင်း၊ ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကြီးတွင် နိုင်ငံတော်အခြေခံမူများအခန်းကစတင်ပြီး အထွေထွေ ပြဋ္ဌာန်းချက်အခန်းအထိ (၁၅)ခန်းကိုလည်း အမျိုးသားညီလာခံ စုံညီအစည်းအဝေးက ချမှတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဤအခန်းများတွင် ပါဝင်သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများသည် အသေးစိတ်ညှိနှိုင်းပြီး ကျစ်ကျစ်လျစ်လျစ် ရေးဆွဲချမှတ်ထားခြင်းဖြစ်ကြောင်း။

အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစောထူးကပေါ် ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ကြိုဆိုဂုဏ်ပြုရင်း မိမိတို့ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်လာပုံကို တစ်ဆက်တည်းတင်ပြလိုကြောင်း၊ ၁၉၈၈ ခုနှစ်မှစပြီး နိုင်ငံတော်ကြီးကို တပ်မတော်က ခေတ်မီနိုင်ငံတော်ကြီးဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ၁၉၈၈ခုနှစ်မှ ၂၀၀၇ခုနှစ်အတွင်း ကရင်ပြည်နယ်သည် မထင်မှတ်လောက်အောင် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

သံလွင်တံတား(ဘားအံ)

ကရင်ပြည်နယ်သူ ပြည်နယ်သားများ၏ အဓိကလိုအပ်ချက်သည် တည်ငြိမ်အေးချမ်းရေးနှင့် စားဝတ်နေရေး ပြေလည်မှုပင်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ အနေဖြင့် ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းသာယာရေးသာမက လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ မြို့ပြ သာယာလှပရေး၊ ပညာရေး၊စီးပွားရေး၊ ကျန်းမာရေးပါမကျန် မြန်မာနိုင်ငံ တစ်နံတစ်လျားကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပေးနေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ အလွန်ရေစီးသန်ပြီး လှေ၊ သင်္ဘောများသွားလာရခက်ခဲသည့် သံလွင်မြစ်ကိုဖြတ်ပြီး တည်ဆောက်ထားသော သံလွင်တံတားကြီးသည် နိုင်ငံတော်က ကရင်ပြည်နယ်သူ ပြည်နယ်သားများ၏အပေါ်တွင်ထားရှိသည့် စေတနာလက်ဆောင်ကြီးပင် ဖြစ်ကြောင်း၊ လွန်ခဲ့သည့် ၁၀နှစ် ကာလ ၁၉၉၇ခုနှစ် ဩဂုတ် ၃ရက် သံလွင်တံတား(ဘားအံ) ဖွင့်ပွဲတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **“ငွေကြေးအမြောက်အမြား အကုန်အကျခံ၍ သံလွင်တံတား (ဘားအံ)ကို တည်ဆောက်ပေးရခြင်းမှာ စီးပွားရေးအကျိုးအမြတ်အရ မဟုတ်ဘဲ ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်စေရမည်၊ သောင်းကျန်းသူဒဏ် အပါအဝင် ဒုက္ခအမျိုးမျိုးခံစားနေရသည့် ကရင်ပြည်နယ်သူ ပြည်နယ်သားများအား တိုးတက်လာစေရမည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း”** စေတနာရှေးရှု၍ မြွက်ကြားခဲ့ပါကြောင်း။

ကရင်ပြည်နယ်တွင် စပါးစိုက်ဧက ငါးသိန်းကျော်၊ ဆီထွက်သီးနှံစိုက်ဧက တစ်သောင်းငါးထောင်ကျော်၊ ငါးမွေးမြူရေးကန် ဧကလေးရာခန့်အထိတိုးတက်မှု ရှိလာကြောင်း၊ ကတ္တရာလမ်း ၁၄၄မိုင်အပါအဝင် ကားလမ်း ၂၇၁မိုင် တိုးတက်လာကြောင်း၊ ပေ ၁၈၀ အထက်တံတား ၁၆ စင်း၊ ပေ ၁၈၀ အောက်တံတား ၂၇၄ စင်း တည်ဆောက်ပေးနိုင်ခဲ့ကြောင်း၊ တက္ကသိုလ်သုံးခုနှင့် ကောလိပ် တစ်ခုကိုလည်း တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ အထူးသဖြင့် ကျေးလက်လူငယ်များ ဗဟုသုတရရှိစေရန်အတွက် စာကြည့်တိုက်ပေါင်း ၁၄၈၀ခုကို ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း။

အမျိုးသားရေးဂုဏ်သိက္ခာ

နိုင်ငံအတွင်းပဋိပက္ခမီးဆိုခြင်းသည် နိုင်ငံတိုင်းတွင်ရှိကြောင်း၊ ယခင်အစိုးရများ လက်ထက် မည်သို့မျှမငြိမ်းသတ်နိုင်သည့် မီးများကို တပ်မတော်အစိုးရက ငြိမ်းသတ်ပေးခဲ့ကြောင်း၊ အစိုးရအဆက်ဆက်ကို ဆန့်ကျင်လာသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့နှင့် အဖွဲ့ငယ် ၁၈ ဖွဲ့သည် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသည်ကိုမျက်မြင်ဖြစ်ကြောင်း၊ တပ်မတော်ကြီးသည် အမျိုးသားရေး ဂုဏ်သိက္ခာတက်အောင်ကြိုးပမ်းနေကြောင်း၊ နိုင်ငံတော်တွင် အမျိုးသားစည်းလုံးညီညွတ်ရေးသည်အဓိကဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားစည်းလုံးညီညွတ်မှု ရရှိအောင် နိုင်ငံသားတိုင်း သားစဉ်မြေးဆက်ထိန်းသိမ်းသွားရမည့်လုပ်ငန်းကြီး ဖြစ်ကြောင်း။

အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဘားအံကွန်ပျူတာတက္ကသိုလ်ကျောင်းအုပ်ကြီး ဒေါက်တာသင်းသင်းထိုက် ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

ဒို့တာဝန်အရေး(၃)ပါးကိုဖော်ဆောင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများချမှတ်ပေးခဲ့သည့် အမျိုးသားညီလာခံကြီးကို ထောက်ခံပါကြောင်းနှင့် ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေအား လှိုက်လှဲစွာကြိုဆိုကြောင်း အဆိုပြု တင်သွင်းသွားသည်။

လူမှုအခွင့်အရေး

ယင်းနောက် ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဘားအံကွန်ပျူတာတက္ကသိုလ်ကျောင်းအုပ်ကြီး ဒေါက်တာသင်းသင်းထိုက်က အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေးရာတွင် အဆိုရှင်တင်သွင်းသွားသည့် အနာဂတ်နိုင်ငံတော်၏ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို ပုံဖော်တည်ဆောက်ရာတွင် အရေးပါလှသည့် အမျိုးသားညီလာခံကြီးအောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံစုံညီအစည်းအဝေးပွဲက ချမှတ်ခဲ့သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများ အခန်း(၈) အပိုဒ်(၄)၌ နိုင်ငံတော်သည် မည်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နိုင်ငံသားကိုမျှ လူမျိုးဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား အမျိုးသမီး၊ ဆင်းရဲချမ်းသာကိုအကြောင်းပြု၍ ခွဲခြားမှုမရှိစေရဟူ၍လည်းကောင်း၊ အခန်း(၈) အပိုဒ်(၆)၌ အမျိုးသမီးများသည် တူညီသောအလုပ်အတွက် အမျိုးသားများခံစားခွင့်ရှိသော အခွင့်အရေးလစာတို့ကို ခံစားခွင့်ရှိသည်ဟူ၍လည်းကောင်း ထည့်သွင်းထားကြောင်း၊ ယင်းသို့ ချမှတ်ထားသည့်မူများသည် အမျိုးသား အမျိုးသမီးခွဲခြားမှုမရှိဘဲ လူမှုအခွင့်အရေး တန်းတူရနေသည့် မြန်မာနိုင်ငံ၏ယဉ်ကျေးမှုဓလေ့စရိုက်ကို ထင်ဟပ်နေကြောင်း တင်ပြလိုကြောင်း။

မြန်မာနိုင်ငံကို ခေတ်သစ်ကိုလိုနီပုံစံဖြင့် နယ်ချဲ့လိုသည့် အနောက်နိုင်ငံတချို့သည် သွေးခွဲသပ်လျှိုမှုများလုပ်ခဲ့ကြောင်း၊ယင်းတို့နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို သဘာဝထက်လွန်ကဲအောင် ရုပ်ရှင်၊ ဗီဒီယိုစသည့် ကွန်ပျူတာ အထူးပြုလုပ်ချက်များဖြင့် မီဒီယာမျိုးစုံအသုံးပြု ဝါဒဖြန့်ပြီး ဖွံ့ဖြိုးစနိုင်ငံများကို အထင်ကြီးအောင် လုပ်နေကြောင်း၊ သို့သော်လည်း ဘယ်ဖုံးလို့ညာပေါ်၊ ညာဖုံးလို့ ဘယ်ပေါ်ဆိုသကဲ့သို့ နယ်ချဲ့များသည် ယင်းတို့၏အတွင်း အစုတ်အသတ်ကို မည်သို့ပင်မျှ ဖုံးကွယ်ထားသော်လည်း ဘီလူးသည် ဘီလူးပင်ဖြစ်ကြောင်း၊ ဟန်ဆောင်နေခြင်းဖြစ်ကြောင်း၊ တစ်ကမ္ဘာလုံးက အီရတ်အရေးအခင်းကို ကြည့်ရုံဖြင့်ပင် သိနေကြကြောင်း။

ဝင်ရောက်နှောင့်ယှက်

မိမိကိုယ်မိမိပင် အကောင်းထင် တခြားလူဆိုလျှင် အထင်သေးတတ်သည့် အမေရိကန်သည် လူမုန်းအများဆုံးဆုကိုရခဲ့သော်လည်း မသိသလို ခပ်တည်တည်ဖြင့် သူများအိမ်တွင်းရေးကို ဝင်ရောက်နှောင့်ယှက်နေသည့် မတရားလုပ်ရပ်များကို ရပ်တန်းကရပ်ပါဟု မိမိပြောလိုကြောင်း။

နယ်ချဲ့ဆိုသည်မှာ ပရိယာယ်များသည်၊ စားနေကျကြောင်ပါးဟု ပြောလိုကြောင်း၊ ချက်ကနဲဆို နားခွက်မီးထတောက်အောင် တို့မီးရှို့မီး လုပ်တတ်ကြောင်း၊ ထို့ကြောင့် တစ်နည်းမဟုတ်တစ်နည်း နည်းမျိုးစုံပြောင်းပြီး ယင်းတို့ မလိုလားသည့် နိုင်ငံများတွင် အရေးအခင်းများဖြစ်အောင် ကြိုတင်ဖန်တီးတတ်ကြကြောင်း၊ မိမိတို့သည် ကြိုတင်ဖန်တီးသူများ၊ စည်းဝါးရိုက်ထားသူများ၊

အမျိုးသားညီလာခံ နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို ကရင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင် ဘားအံတက္ကသိုလ် အင်္ဂလိပ်စာဌာနမှ ပါမောက္ခဌာနမှူး ဒေါ်မြင့်မြင့်စမ်း ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

ဒေါ်လာငွေလက်ခံပြီး ပထွေးကိုအဖေခေါ်ချင်နေသူများကို ပြတ်ပြတ်သားသား ဆန့်ကျင်ကြောင်း၊ ကုန်ကုန်ပြောရလျှင် ရဟန်းသံဃာနှင့် သီလရှင်ပါမကျန် စည်းရုံးပြီး ဘာသာရေးကိုခုတုံးလုပ် ငွေယူပြီး နိုင်ငံကိုဆူပူအောင်လုပ်သည့် ပုဆိန်ရိုးများကို အမြစ်ပြတ်အောင် ရှင်းလင်းစေချင်ကြောင်း။

သွေးကပြောသည်

မိမိအိမ်တွင်း၌ ဖြစ်ပျက်နေသည့် ပြဿနာကို မိမိ မိသားစုအတွင်း ပြေပြေလည်လည်ဖြင့် ညှိနှိုင်းဆွေးနွေးခြင်းမရှိဘဲ လာပါ ကယ်ပါဟု တစာစာ ခေါ်နေသည့် အိမ်တွင်းသစ္စာဖောက် တချို့ကြောင့် ကမ္ဘာ့အလယ်တွင် မျက်နှာပျက်ခဲ့ရသည်များလည်းရှိကြောင်း၊ သို့သော်လည်းမိမိမြေ၊ မိမိရေနှင့် မိမိနိုင်ငံအကြောင်းကို မိမိသာအသိဆုံးဖြစ်ကြောင်း၊ ကူညီမည်၊ ကယ်မည်ဆိုပြီး မျက်နှာဖုံးစွပ်ထားသည့် ပြည်ပရန်စွယ်အဖျက်သမားများကို ယုံကြည်နေမည့်အစား သွေးကပြောသည်ကို ယုံကြည်မည်ဆိုလျှင် အဖျက်သမားများသည် မြန်မာ့ မြေပေါ်ကနေ ကြက်ပျောက်၊ ငှက်ပျောက် ပျောက်သွားမည်ဟု ယုံကြည်ကြောင်း။

လက်ရှိနိုင်ငံတော်အစိုးရသည် နိုင်ငံတော် တည်ဆောက်ရေးသာမက လူမှုရေး၊ စီးပွားရေးနှင့် မြို့ရွာစည်ပင်ဖွံ့ဖြိုးရေးအတွက် အရှိန်အဟုန်ဖြင့်

စာမျက်နှာ ၈ ကော်လံ ၁ သို့

ကရင်ပြည်နယ် ဘားအံမြို့ အမျိုးသားညီလာခံနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ အခမ်းအနားသို့ မြို့မိမြို့ဖများ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးနှင့် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့ အဖွဲ့ဝင်များ၊ စီးပွားရေးနှင့် စက်မှုလက်မှုဆိုင်ရာ အဖွဲ့အစည်းများ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံ တိုင်းရင်းသားတိုင်းရင်းသူများ စစ်ကြောင်းပုံဖြင့် စနစ်တကျ ချီတက်ကြစဉ်။ (သတင်းစဉ်)

မိမိကိုယ်မိမိပင်အကောင်းထင် တခြားလူဆိုလျှင် အထင်သေးတတ်သည့် အမေရိကန်သည် လူမုန်းအများဆုံးဆုကိုရခဲ့သော်လည်း မသိသလို ခပ်တည်တည်ဖြင့် သူများအိမ်တွင်းရေးကို ဝင်ရောက်နှောင့်ယှက်နေသည့် မတရားလုပ်ရပ်များကို ရပ်တန်းကရပ်ပါဟု ပြောလို။

10-10 (07) 1 10/10/07, 2:27 AM

အမျိုးသားညီလာခံကြီးက ချမှတ်ခဲ့သည့် အခြေခံမူများသည် နိုင်ငံသားများ၏ရပိုင်ခွင့်ကို ခိုင်ခိုင်မာမာကာကွယ်ပေးထား ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူ့ဘဝနှင့် ပြည်သူ့ဆန္ဒကို တစ်ထပ်တည်းဖော်ဆောင်နိုင်မည်ဖြစ်

အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို ဘားအံမြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီမှ ဦးစောကပေါ်ထူး ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံးမှ ဖဒိုလာဘ ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

ဆွေးနွေး

အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို ဘုရားကုန်း ငြိမ်းချမ်းရေးအဖွဲ့မှ ဖဒိုအောင်ဆန်း ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၇ မှ

ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ၁၉၈၈မတိုင်မီနှင့် ယခုအခြေအနေကို နှိုင်းယှဉ်ကြည့်လျှင် များစွာကွာခြားနေပြီဖြစ်ကြောင်း၊ အားလုံးအသိပင်ဖြစ်ကြောင်း၊ နိုင်ငံတော် တည်ဆောက်ရေးတွင် အုတ်တစ်ချပ် သဲတစ်ပွင့်၊ ယုတ်စွအဆုံး သံမှိုတစ်ချောင်းပင် ကူညီခဲ့ကြခြင်းမရှိခဲ့သူများက နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်းမမြင်ဘဲ နိုင်ငံတော်ကို တခြားသူများလက်ထဲထိုးအပ်ချင်၊ နိုင်ငံခြားသားများကိုမှ အထင်ကြီးချင်သည့် ခေတ်သစ်ရောက်မှ ကျွန်ပြန်ဖြစ်ချင်နေသော ပြည်တွင်းက သစ္စာဖောက်များကို ဆုံးမရန် အချိန်တန်နေပြီဆိုသည့်အကြောင်းကို ဤနေရာကနေ ပြောလိုက်ချင်ကြောင်း။

ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့အနေဖြင့် "အမျိုးသမီးဘဝ မြှင့်တင်ဖို့ ကြိုးပမ်းဆောင်ရွက်စို့" ဆိုသည့် ဆောင်ပုဒ်ကို လက်ကိုင်ထားပြီး မိမိတို့ပြည်နယ်တွင် အသိပညာပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးခြင်း၊ ထောက်ပံ့ခြင်း၊ သက်မွေးနှင့် လူမှုရေးဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်ရင်း အမျိုးသမီးများအပေါ် ကျရောက်နိုင်သည့် အန္တရာယ်မျိုးစုံကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိကြောင်း။

မိမိတို့အမျိုးသမီးများသည် အသေးစိတ် အခြေခံရမည့်မူများတွင် ပါရှိသည့်အတိုင်း အမျိုးသမီးထုကို အမျိုးသားများနှင့် တန်းတူ အခွင့်အရေးပေးထားသည့်အတွက် ကရင်ပြည်နယ် ပြည်သူလူထုတစ်ရပ်လုံး၏ ကိုယ်စား အမျိုးသားညီလာခံမှ ချမှတ်ခဲ့သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို လေးလေးနက်နက်ထောက်ခံ ကြိုဆိုပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

ပြည့်စုံစွာချမှတ်ထား

ဆက်လက်၍ ကရင်ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင် ဘားအံတက္ကသိုလ် အင်္ဂလိပ်စာဌာနမှ ပါမောက္ခဌာနမှူး ဒေါ်မြင့်မြင့်စမ်းက အမျိုးသားညီလာခံနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံ ကြိုဆိုခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးရာတွင် အမျိုးသားညီလာခံကြီးကို ၂၀၀၇ခုနှစ် စက်တင်ဘာ ၃ရက်တွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း၊ အမျိုးသားညီလာခံကြီးက ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ခဲ့ကြောင်း၊ ယင်းသို့ချမှတ်ရာတွင် မိခင်ကလေး အိုမင်းမစွမ်းရှိသူများနှင့် စပ်လျဉ်း၍ အခြေခံမူများကိုလေ့လာကြည့်လျှင် နိုင်ငံတော်နှင့် ပြည်သူအားလုံးအတွက် ပြည့်စုံစွာ ဆွေးနွေးချမှတ်ထားသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

မိခင်ကလေး အိုမင်းမစွမ်းသူများနှင့်ပတ်သက်၍ နိုင်ငံတော်သည် မိခင်နှင့် ကလေးသူငယ်များ၊ မိဘမဲ့ကလေးများ၊ ကျဆုံးသွားသော တပ်မတော်သားများ၏ ကလေးများ၊ အိုမင်းမစွမ်းရှိသူများ၊ မသန်မစွမ်းသူများအား ကြည့်ရှု စောင့်ရှောက်မည်ဟု အမျိုးသားညီလာခံ၏အခြေခံမူ အခန်း(၁) အပိုဒ်(၂၅)(က)တွင် ဖော်ပြထားကြောင်း၊ ထို့အပြင် မိခင်များ၊ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများသည် ဥပဒေအရသတ်မှတ်ထားသော အခွင့်အရေးများကို အညီအမျှခံစားခွင့်ရှိစေရမည်ဟု ဖော်ပြထားသည်ကို တွေ့ရှိရကြောင်း၊ ယင်းမူများကို ကြည့်ခြင်းအားဖြင့် နိုင်ငံတော်သည် မိမိတို့နိုင်ငံသားများ၏ ရပိုင်ခွင့်ကို ခိုင်ခိုင်မာမာ အကာအကွယ်ပေးထားကြောင်း သိသာ ထင်ရှားနေကြောင်း၊ ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူ့ဘဝနှင့် ပြည်သူ့ဆန္ဒကို တစ်ထပ်တည်း အမှန်တကယ် ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း။

ခေတ်သစ်ဒေဝဒတ်များ

သဘာပတိကြီး အဖွင့်အမှာစကား၌ပါသကဲ့သို့ နိုင်ငံတော်အစိုးရသည် နိုင်ငံသားများကို သားသမီးကဲ့သို့ပင် ချစ်ခင်ပြီးသားဖြစ်ကြောင်း၊ မိဘတိုင်းသည် မိမိသားသမီးကို မချစ်ဘဲနေမည်မဟုတ်ပါ၊ မိဘဆိုသည်မှာ သားသမီးများ၏ အောင်မြင်မှု၊ ချမ်းသာမှု၊ ကြီးပွားတိုးတက်မှုကို မြင်ချင်ကြသည်ချည်းပင်ဖြစ်ကြောင်း၊ ယခုဖြစ်နေသည်က ပထွေးလိုလို၊ ကယ်တင်ရှင်ကြီးလိုလိုနှင့် မိမိတို့၏ သားသမီးလေးများကို မက်လုံးများပြပြီး ယင်းတို့ကို အားကိုးချင်လာအောင်၊ မိဘကို ဖီဆန်လာအောင်၊ မိဘကိုစိတ်ဆင်းရဲအောင်၊ မိမိအိမ်ကို မိမိခဲဖြင့် ပြန်ပေါက်ချင်အောင်၊ သာယာနေသည့် မိသားစုကြီးပျက်စီးအောင် ဖန်တီးနေသည့် နယ်ချဲ့များသည် ခေတ်သစ်ဒေဝဒတ်များဖြစ်ကြောင်း။

မျိုးဖျက်သစ္စာဖောက် ကိုလိုနီနယ်ချဲ့လက်သစ်များသည် ကွန်မြူနစ်ဝါဒီများနှင့် ပူးပေါင်းပြီး မသိနားမလည်သည့် ကလေးများကို ဆရာမိဘအပေါ် အရိုအသေကင်းမဲ့ပြီး စေတနာကိုတန်ဖိုးမထား စော်ကားလာသည့် အပြုအမူများ ပြုမူလာအောင် သွေးထိုးလှုံ့ဆော်ခဲ့ကြကြောင်း၊ မျိုးဖျက်သစ္စာဖောက်များ၏ တစ်ဖက်စွန်းရောက်နေသည့် မှားယွင်းသောအတွေးအခေါ်များသည် ပညာမတတ်သူ၊ အသိဉာဏ်နည်းပါးသူ၊ အတွေးအခေါ်မရှိသူများကိုသာ လှည့်စား၍ရချင်ရမည်၊ အသိဉာဏ်ပြည့်ဝနေသည့် မိမိတို့ ပြည်သူများကိုမူ မည်သို့မျှ လှည့်စားအသုံးချ၍မရဘူးဆိုသည်ကို ဤနေရာကနေ ပြောချင်ကြောင်း။

တီဗွီကိုဖွင့်လိုက်သည်နှင့် သူ့ကိုယ်သူ ကယ်တင်ရှင်လို့ ထင်နေသည့် အမေရိကန်၏လုပ်ရပ်များကို တွေ့မြင်နေရမည်ဖြစ်ကြောင်း၊ အီရတ်တွင် အမေရိကန်၏ တစ်ဇွတ်ထိုးဆုံးဖြတ်ချက်မှားယွင်းမှုများကြောင့် အီရတ်တစ်နိုင်ငံလုံး ဒုက္ခပင်လယ်ဝဲဂယက်ထဲတွင် ကူးခတ်နေရသည်ဆိုသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ မှားမှန်းသိရက်ဖြင့် သူ့ပြည်တွင်းနှင့် နိုင်ငံတကာက မည်သို့ပင်ပြောပြော အရှက်မရှိဘဲ မိမိကိုယ်မိမိအထင်ကြီးပြီး လုပ်တတ်သည့် အမေရိကန်သည် ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုသည့် မိုက်ဇာတ်ကို ကမြင်ကနေဆဲပင်ဖြစ်ကြောင်း။

လှိုက်လှိုက်လှဲလှဲထောက်ခံ

အမျိုးသားညီလာခံက ချမှတ်ခဲ့သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် မြန်မာပြည်သူလူထုအတွက် အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ကြီးကို ဖော်ဆောင်တည်ဆောက်ပေးမည့် အခြေခံဥပဒေဖြစ်သည့်အတွက် မိမိအနေဖြင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကိုယ်စား လှိုက်လှိုက်လှဲလှဲထောက်ခံပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

ထို့နောက် ကရင်ပြည်နယ် ဘားအံမြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီမှ ဦးစောကပေါ်ထူးက အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးရာတွင် ယနေ့ကျင်းပသည့် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ အခမ်းအနားတွင် ၂၀၀၇ခုနှစ် စက်တင်ဘာ ၃ ရက်က ပြီးစီးသွားသော အမျိုးသားညီလာခံကြီးက ရေးဆွဲချမှတ်ခဲ့သည့် အခြေခံမူများပါ အခန်း(၁၅)ခန်းအနက်မှ ဥပဒေပြုရေးအခန်း၊ အုပ်ချုပ်ရေးအခန်း၊ တရားစီရင်ရေးအခန်းတို့နှင့်ပတ်သက်၍ ထောက်ခံတင်ပြသွားမည်ဖြစ်ကြောင်း။

အချုပ်အခြာအာဏာ

ကမ္ဘာပေါ်တွင် နိုင်ငံတစ်နိုင်ငံအဖြစ်ရပ်တည်နေနိုင်ရန်အတွက် နယ်နိမိတ်၊ လူဦးရေ၊ အစိုးရ၊ အချုပ်အခြာအာဏာဆိုသည့် အချက်လေးချက်ဖြင့် ပြည့်စုံရမည်ဖြစ်ကြောင်း၊ အချုပ်အခြာအာဏာဆိုသည်မှာ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေး အာဏာနှင့် တရားစီရင်ရေးအာဏာတို့ဖြစ်ကြောင်း။

မိမိတို့၏နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် ရည်မှန်းဖော်ဆောင် တည်ဆောက်လျက်ရှိရာတွင် အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သော အာဏာသုံးရပ်ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲရန်၊ အချင်းချင်း အပြန်အလှန်ထိန်းကျောင်းရန်၊ ကြံ့ကြံ့ခိုင်ခိုင်ဖြင့် မယိမ်းမယိုင်ရှိနေရန် လိုအပ်မည်ဖြစ်ကြောင်း။

အီရတ်နိုင်ငံကို နယ်ချဲ့လက်သစ်နိုင်ငံကြီးဖြစ်သော အမေရိကန်က မတရားဝင်ရောက် တိုက်ခိုက်ခဲ့သည့်အတွက် အီရတ်နိုင်ငံ၏ အချုပ်အခြာ အာဏာဆုံးရှုံးပြီး အချင်းချင်း စိတ်ဝမ်းကွဲပြားကာ နေ့စဉ်နှင့်အမျှ အသေခံဗုံးခွဲ တိုက်ခိုက်နေကြ၍ လူ့အသက်ပေါင်းများစွာ ဆုံးရှုံးနေရသည်ကို သတင်းစာ၊ ရုပ်မြင်သံကြားများတွင် နေ့စဉ် ဝမ်းနည်းကြေကွဲဖွယ်ရာ တွေ့မြင်ရကြောင်း။

ကြိုးကိုင်ခြယ်လှယ်

အီရတ်တွင် အမေရိကန်၏ရက်စက်မှုကို ခံနေရသော အကျဉ်းသားများ၊ သေကျေပျောက်ဆုံးနေသော ပြည်သူများ၊ ငတ်ပြတ်နေသောကလေးများ၊ အင်အားချည့်နဲ့ပြီး အနာဂတ်အတွက်အားထားရမည့် လူငယ်များ၏ ဒုက္ခငရဲများသည် မမြင်ရက်စရာဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံတွင်လည်း နေ့စဉ်နှင့်အမျှ ဆန္ဒပြမှုများ အမြဲရှိနေကြောင်း၊ ၎င်းတို့ကို ဥပေက္ခာပြုပြီး တခြားနိုင်ငံများအပေါ် ဆရာကြီးလုပ်၊ ကြိုးကိုင်ချင်သည့်စိတ်ဓာတ်သည် အလွန်စက်ဆုပ်ဖွယ်ရာကောင်းသော စိတ်ဓာတ်ဖြစ်ကြောင်း။

ကရင်ပြည်နယ် ဘားအံမြို့ အမျိုးသားညီလာခံနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ အခမ်းအနားသို့ မြို့မိမြို့ဖများ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးနှင့် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့ အဖွဲ့ဝင်များ၊ စီးပွားရေးနှင့် စက်မှုလက်မှုဆိုင်ရာ အဖွဲ့အစည်းများ၊ တောင်သူလယ်သမား၊ အလုပ်သမားများ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကျောင်းသားကျောင်း သူများနှင့် ဒေသခံ တိုင်းရင်းသား တိုင်းရင်းသူများ စစ်ကြောင်းပုံဖြင့် စနစ်တကျ ချီတက်ကြစဉ်။ (သတင်းစဉ်)

မိမိတို့ ကရင်ပြည်နယ်အတွင်း၌လည်း ယခင်က ကိုလိုနီနယ်ချဲ့များ၏ သွေးခွဲထားခဲ့မှုကြောင့် အချင်းချင်းစိတ်ဝမ်းကွဲပြားခဲ့ပြီး နယ်မြေအချို့၌ တိုက်ပွဲသံများ၊ ယမ်းငွေ့များဖြစ်သာ ဖုံးလွှမ်းနေခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ယနေ့အချိန်အခါတွင်မူ ကိုလိုနီနယ်ချဲ့လက်သစ်များ၏ သွေးခွဲမှုကို နားလည်လာကြသည့် မိမိတို့သွေးချင်းသားချင်းများသည် နိုင်ငံတော်အစိုးရ၏ အေးမြသောအရိပ်အောက်တွင် အေးချမ်းပျော်ရွှင်စွာ နေထိုင်နိုင်ကြပြီဖြစ်ကြောင်း။

ဒီမိုကရေစီအနှစ်သာရပြည့်ဝ

အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများ အခန်း(၁) အပိုဒ်(၆)(က)တွင် နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များအား ခွဲဝေအပ်နှင်းသည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအား အာဏာကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကသတ်မှတ်သော ဥပဒေပြုရေးအာဏာကို ခွဲဝေအပ်နှင်းမည်ဟူ၍လည်းကောင်း၊ အခန်း(၁)အပိုဒ်(၇)(ခ)တွင် နိုင်ငံတော်အုပ်ချုပ်ရေးအာဏာကို ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအား ခွဲဝေအပ်နှင်းသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ကိုယ်ပိုင်အုပ်ချုပ်ရေး အာဏာကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ သတ်မှတ်ပေးသည့်အတိုင်း ခွဲဝေအပ်နှင်းမည်ဟူ၍ လည်းကောင်း၊ အခန်း(၁) အပိုဒ်(၈)(က)တွင် နိုင်ငံတော်၏ တရားစီရင်ရေးအာဏာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်များ၊ ပြည်နယ်တရားလွှတ်တော်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုတရားရုံးများ အပါအဝင် အဆင့်ဆင့်သော တရားရုံးများအား ခွဲဝေအပ်နှင်းသည်ဟူ၍လည်းကောင်း ချမှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည့်အတွက် ဒီမိုကရေစီအနှစ်သာရများ ပြည့်ဝနေသည်ကိုလည်း တွေ့ရှိရပါကြောင်း။

ပုံတူကူးချခြင်းမဟုတ်

ကျင်းပပြီးစီးသွားသော အမျိုးသားညီလာခံကြီးက ဆွေးနွေးညှိနှိုင်းချမှတ်ခဲ့ကြသည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို မူတည်ပြီး ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အခြားသောနိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပုံတူကူးချခြင်းမဟုတ်ဘဲ ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ထားပြီး မိမိတို့နိုင်ငံရှိ တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ ကိုးကွယ်သည့်ဘာသာ အယူဝါဒများအပေါ်အခြေခံပြီး တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ အသိပညာရှင် အတတ်ပညာရှင်၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ထားသော အဖွဲ့အစည်းများနှင့် အခြားသောလူမှုရေးအဖွဲ့အစည်းပေါင်းစုံတို့တက်ရောက်ခဲ့သော အမျိုးသားညီလာခံကြီးနှင့် ယင်းညီလာခံတွင် ပြီးပြည့်စုံအောင် ဆွေးနွေးညှိနှိုင်းချမှတ်ခဲ့သော အခြေခံမူများ၊ အသေးစိတ် အခြေခံရမည့်မူများနှင့်အညီ ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေအားကြိုဆိုရင်း တိုင်းရင်းသားပြည်သူများ၏ကိုယ်စား ထောက်ခံဆွေးနွေးသည်။

ကရင်ပြည်နယ် ဘားအံမြို့ အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲအခမ်းအနားတွင် သဘာပတိနှင့်သဘာပတိအဖွဲ့ဝင်များ၊ တက်ရောက်လာသူများက ကြွေးကြော်သံများ တစ်ခဲနက်ကြွေးကြော်၍ အခမ်းအနားကို ရုပ်သိမ်းစဉ်။ (သတင်းစဉ်)

အဖျက်အမှောင့်လုပ်

ဆက်လက်၍ တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံးမှ ဖဒိုလာဘက အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးရာတွင် အမျိုးသားညီလာခံကြီးက ရေးဆွဲချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများသည် အဖွဲ့အစည်းပေါင်းစုံ၊ အလွှာပေါင်းစုံ၊ တိုင်းရင်းသားပေါင်းစုံ၏ ဆန္ဒနှင့်အညီ အချိန်ယူဆွေးနွေးညှိနှိုင်းချမှတ်ထားသည့် ပြည့်စုံသောအခြေခံမူများဖြစ်ကြောင်း၊ ယင်းမူများနှင့်အညီ ဖြစ်ပေါ်လာမည့် အခြေခံဥပဒေကြီးပေါ်ပေါက်လာမည်ကို စိုးရိမ်သည့် ပုဆိန်ရိုးများ၊ အရင်းရှင်နိုင်ငံကြီးများကို ဂရုစိုက်စရာမလိုကြောင်း၊ အမျိုးသားညီလာခံကျင်းပစဉ်က မြူမှုန်တစ်မှုန်လောက်မျှ ကူညီမှုမရှိဘဲ အဖျက်အမှောင့်လုပ်ငန်းကိုသာ တစိုက်မတ်မတ်လုပ်ခဲ့သူများဖြစ်ကြောင်း၊ ယခုကဲ့သို့ အမျိုးသားညီလာခံကြီး အောင်မြင်စွာ ပြီးဆုံးသွားသည့်အတွက် သစ္စာဖောက်များ၏ ကြံစည်မှုများသည်လည်း အလိုလိုပျက်သုဉ်းသွားပြီဖြစ်ကြောင်း။

ယခုအခါ နိုင်ငံခြားသတင်းဌာနများက မြန်မာနိုင်ငံသားများအတွက် စေတနာဗရပွနှင့် အသံလွှင့်ချိန်ကို တိုးပြီး လွှင့်ထားကြောင်း၊ ရင်တွင်းခံစားချက်၊ နိုင်ငံရေးပဋိပက္ခ၊ ပြည်တွင်းရေးကိစ္စများကို အချိန်မရွေး စာရေးသားပေးပို့ရင်ဖွင့်ကြရန်ဖိတ်ခေါ်ပါကြောင်း၊ အချိုသတ်စကားလုံးများဖြင့် ပြည်သူများကို တွေဝေသွားအောင် မှိုင်းတိုက်နေကြကြောင်း၊ ထိုမျှသာမက ပျောက်ဆုံးနေသူများကိုလည်း ကြော်ငြာပေးမည်ဟု ကယ်တင်ရှင်ကဲ့သို့ အသံကောင်းဟစ်နေကြောင်း၊ ပျောက်သူကိုရှာ၊ ရှာသူကိုတွေ့လျှင် အမိုက်ဇာတ်များတွင် အသုံးချရန် ကောက်ကျစ်သည့်ဉာဏ်ဖြင့် ဆင်ကြံ ကြံနေကြကြောင်း၊ ယင်းတို့ကောင်းစားရေးအတွက် လုပ်ကြံသတင်းများဖန်တီးပြီး ပြည်ပသတင်းဌာနများကို ရောင်းစားနေသည့် သစ္စာဖောက်ပုဆိန်ရိုးများ၏လုပ်ရပ်များသည်လည်း အလွန်ရှက်စရာကောင်းပြီး သိက္ခာမဲ့သော လုပ်ရပ်များ ဖြစ်ကြောင်း။

လက်တွဲဖော်ဆောင်

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို မြန်မာနိုင်ငံတစ်ဝန်းလုံးက ထောက်ခံခဲ့ကြသကဲ့သို့ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ၂၁-၁၀- ၂၀၀၃ရက်က ကျင်းပခဲ့သည့် လူထုအစည်းအဝေးပွဲကြီးမှ ပြည်သူတို့၏ သန္နိဋ္ဌာန်(၆)ရပ်ချမှတ်ပြီး အောင်ပွဲခံခဲ့သည်ကို အားလုံးအသိဖြစ်ကြောင်း။ ထို့ကြောင့် မည်သို့ပင်ဖျက်ဖျက် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် နိုင်ငံတော်နှင့်ပြည်သူများ စည်းလုံးညီညွတ်စွာ လက်တွဲဖော်ဆောင်သွားလျှင် အရာရာကို အောင်မြင်သွားမည်မှာ မလွဲကေန်ဖြစ်ကြောင်း။

NLDသည် ညီလာခံကျင်းပစဉ်က မကျေနပ်၍ ထွက်သွားခဲ့ကြောင်း၊ နိုင်ငံတော်က အမြော်အမြင်ကြီးမားစွာဖြင့် ဆက်လက်ပူးပေါင်းရန် ခေါ်ယူခဲ့ကြောင်း၊ ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း၊ သို့သော် ပူးပေါင်းဆောင်ရွက်မှု မရှိခဲ့ကြောင်း၊ မစားရသည့်အမဲ သဲနှင့်ပက်လာကြောင်း၊ အားကိုးရှာလာကြောင်း၊ မူဝါဒလမ်းစဉ်(၇)ရပ်ပျက်အောင်လုပ်လာကြောင်း၊ အပျက်ကိုတွေးပြီး အဖျက်ကိုသာ တစိုက်မတ်မတ်လုပ်နေသည့်သူများသည် တစ်ချိန်ကျလျှင် မိမိပြုခဲ့သည့်အမှုက မိမိကို ပြန်ပတ်မည်မှာ မြင်ယောင်မိကြောင်း။

ပြည်တွင်းသစ္စာဖောက်

နိုင်ငံတော်သည် စည်းလုံးမှုပြိုကွဲခဲ့၍ ကျွန်ဘဝရောက်ခဲ့ရာမှ လွတ်လပ်ရေးကို သွေးများသွေးများဖြင့် အသက်ပေါင်းများစွာ စတေးပြီးမှ ရယူခဲ့ခြင်းဖြစ်ကြောင်း၊ လွယ်လွယ်ကူကူဖြင့်ရခဲ့ခြင်းမဟုတ်ကြောင်း၊ ယင်းကဲ့သို့ ရတောင့်ရခဲ လွတ်လပ်ရေးကြီးကို ဘာမဟုတ်သည့် လက်တစ်ဆုပ်စာ ပြည်တွင်းသစ္စာဖောက် အဖျက်သမားများကြောင့် ပျက်စီးဆုံးရှုံးသွားရမည်ဆိုလျှင် မြန်မာ့သမိုင်း ရိုင်းသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတော်ကြီး အစဉ်သဖြင့် အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် ကမ္ဘာ့အလယ်တွင် ထာဝရတည်တံ့နိုင်ရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိနေကြောင်းကို ထပ်ဆင့်တင်ပြလိုကြောင်း။

တိုင်းရင်းသားပေါင်းစုံနှင့် ငြိမ်းချမ်းရေးအဖွဲ့အစည်းအသီးသီးက အမျိုးသားညီလာခံတွင် ညှိနှိုင်းဆွေးနွေးအကြံပြုခဲ့၍ ရရှိလာသည့် အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထောက်ခံကြိုဆိုပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

အလွန်ရှုံ့ရှာစရာကောင်း

ယင်းနောက် ဘုရားကုန်း ငြိမ်းချမ်းရေးအဖွဲ့မှ ဖဒိုအောင်ဆန်းက အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးရာတွင် အမျိုးသားညီလာခံဆိုသည်မှာ တိုင်းပြည်နှင့် လူမျိုးအတွက် သေရေးရှင်ရေးတမျှ အရေးကြီးကြောင်း၊ ကိုယ်စားလှယ်ပေါင်း ၁၀၀၀ကျော်ဖြင့် ညှိနှိုင်းပါဝင်ဆွေးနွေးခဲ့ကြသည့် အမျိုးသားညီလာခံကြီးသည်လည်း အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်ကြောင်း၊ တိုင်းရင်းသားပေါင်းစုံ အလွှာပေါင်းစုံမှ အသိပညာရှင် အတတ်ပညာရှင်များ အချိန်ယူညှိနှိုင်းဆွေးနွေးချမှတ်ခဲ့သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေကြီးအတွက် ကျစ်လျစ်ပြီး တန်ဖိုးမဖြတ်နိုင်သော နိုင်ငံတော်၏ ဆုလာဘ်ကြီးဖြစ်ကြောင်း၊ ယနေ့ မြန်မာနိုင်ငံကို စိတ်တိုင်းကျ ခြယ်လှယ်ချင်၊ ဗိုလ်ကျချင်၊ သွေးစုပ်ချင်နေသည့် နယ်ချဲ့လက်သစ်များသည် မြန်မာနိုင်ငံကို နည်းအမျိုးမျိုးဖြင့် ထိုးဖောက်နေကြောင်း၊ အမေကျော် ဒွေးတော်လွမ်းသည့် ပြည်တွင်းပုဆိန်ရိုးများကလည်း မိမိလူမျိုး၊ မိမိဘာသာ၊ မိမိသာသနာနှင့် မျိုးချစ်စိတ်ဓာတ်များကိုပစ်ပယ်ပြီး နယ်ချဲ့လက်သစ်များရှေ့တွင် ငိုပြ၊ တိုးလျှိုးတောင်းပန်ပြ၊ လက်သီးလက်မောင်းတန်းပြီး နိုင်ငံတော်ကို ဆန့်ကျင်ပြနေကြခြင်းများသည် အလွန်ရှက်စရာကောင်းသကဲ့သို့ အလွန်ရှုံ့ရှာစရာကောင်းသော လုပ်ရပ်များဖြစ်ကြောင်း။

မြန်မာနိုင်ငံသားများသည် ယဉ်ကျေးသိမ်မွေ့ပြီး ဘာသာတရားနှင့်အညီ နူးညံ့သိမ်မွေ့စွာနေထိုင်တတ်သည့် လူမျိုးများဖြစ်ကြောင်း၊ မည်သည့်ဘာသာကိုမဆို လွတ်လပ်စွာကိုးကွယ်ခွင့်များကိုလည်း ပေးထားပြီးဖြစ်ကြောင်း၊ အနောက်မီဒီယာသမားအချို့က မြန်မာနိုင်ငံကိုရောက်သည့်အခါ ပကတိဖြစ်ပေါ်နေသည်များကို တွေ့မြင်ပြီး မြန်မာနိုင်ငံကြီးသည် သာယာလိုက်ခြင်း၊ အေးချမ်းလိုက်ခြင်း၊ တန်းတူအခွင့်အရေးများရှိခြင်း၊ အင်မတန်ပျော်စရာကောင်းသည့် နိုင်ငံကြီးဆိုပြီး ပြုံးပြုံးကြီးဖြင့် ထောက်ခံခဲ့ကြသော်လည်း မြန်မာနိုင်ငံ၏ ပြင်ပကိုလည်း ရောက်ရော နယ်ချဲ့လက်သစ်များ၏ အလိုကျအတိုင်း မြန်မာနိုင်ငံကြီးသည် ပျက်စီးယိုယွင်းနေပြီ၊ ငတ်ပြတ်နေပြီ၊ ပြည်သူများ ဒုက္ခရောက်နေပြီ စသောမုသားလုံးကြီးများကို တရစပ်လွှင့်ထုတ်နေသည့်အတွက် အရှေ့တွင် တစ်မျိုး၊ အနောက်တွင် တစ်ဖုံ ဗလောင်းဗလဲလုပ်နေသော ဤလိုလူများကို နိုင်ငံကြီးသားဟု သတ်မှတ်၍ ရမည်မဟုတ်ကြောင်း။

ကရင်ပြည်နယ်မှ တိုင်းရင်းသားများသည်လည်း အခြားတိုင်းနှင့် ပြည်နယ်များမှ ညီအစ်ကို မောင်နှမများကဲ့သို့ အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်မှုကို လိုလားကြကြောင်း၊ ယခုအခါ ကရင်ပြည်နယ်တွင် လမ်းတံတားကြီးများ၊ တက္ကသိုလ်များ အများအပြားရှိလာသည့်အတွက် သွားရေးလာရေး လွယ်ကူလာသကဲ့သို့ မိမိဒေသ၌ပင် အဆင့်မြင့်ပညာများ သင်ယူနိုင်သည့်အခွင့်အလမ်းများ ရရှိလာသည့်အတွက် အသိပညာရှင်များ၊ အတတ်ပညာရှင်များ တိုးတက်များပြားလာကြောင်း။

အေးမြသည့်ရင်ခွင်

မိမိတို့၏ ဘုရားကုန်းငြိမ်းချမ်းရေးအဖွဲ့အပါအဝင် ဟောင်သရောငြိမ်းချမ်းရေးအဖွဲ့၊ ဒီကေဘီအေ၊ သံတောင်ငြိမ်းချမ်းရေးအဖွဲ့နှင့် ကေအင်ယူ/ကေအင်အယ်လ်အေငြိမ်းချမ်းရေးကောင်စီအဖွဲ့များသည် နိုင်ငံတော်၏အေးမြသည့်ရင်ခွင်တွင် မှေးစက်ခိုလှုံနေပြီဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးက တိုင်းရင်းသားအရေးနှင့်စပ်လျဉ်းပြီး အခြေခံမူများချမှတ်ရာတွင် နိုင်ငံတော်သည် တိုင်းရင်းသားများ၏စကား၊ စာပေအနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်အောင် ကူညီဆောင်ရွက်မည်၊ နိုင်ငံတော်သည် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည် လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ကို တိုးတက်ဖြစ်ထွန်းစေရန် ကူညီဆောင်ရွက်မည်၊ နိုင်ငံတော်သည် တိုးတက်ဖွံ့ဖြိုးမှု နည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစသည်တို့ ပါဝင်သော လူမှုစီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်မည်ဟု တိုင်းရင်းသားတို့၏အကျိုးစီးပွားကို ပြည့်ပြည့်စုံစုံ ဖော်ဆောင်ချမှတ်ထားပါကြောင်း။

ထာဝရအာမခံချက်

စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်ရေးအတွက် ဖော်ဆောင်ပေးမည့် အမျိုးသားညီလာခံကြီးသည် အောင်မြင်စွာပြီးမြောက်ခဲ့ပြီဖြစ်ကြောင်း၊ အမျိုးသားညီလာခံက ချမှတ်ခဲ့သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို မူတည်ပြီး ဖြစ်ပေါ်လာမည့် တိုင်းပြည်အတွက် မရှိမဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် တိုင်းရင်းသားပြည်သူအားလုံးတို့၏ ဘဝအိုးအိမ်လုံခြုံရေးအတွက် ထာဝရအာမခံချက်ပေးနိုင်မည်ဖြစ်သည့်အတွက် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ကရင်ပြည်နယ်ရှိ တိုင်းရင်းသား၁၇သိန်းတို့၏ကိုယ်စား လှိုက်လှိုက်လှဲလှဲထောက်ခံကြိုဆိုကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

အတည်ပြုဆုံးဖြတ်

ထို့နောက် သဘာပတိက အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းအဆိုနှင့် ထောက်ခံဆွေးနွေးခြင်းတို့နှင့်စပ်လျဉ်း၍ တက်ရောက်လာကြသော ပြည်သူလူထုကြီး၏ ဆန္ဒသဘောထားများကိုရယူရာ ပြည်သူလူထုကြီးက တညီတညွတ်တည်း သဘောတူဆန္ဒပြုကြသည့်အတွက် အတည်ပြုဆုံးဖြတ်ကြောင်းကြေညာသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်သူလူထုကြီးက ပြည်ထောင်စုမပြိုကွဲရေး(ဒို့အရေး၊ဒို့အရေး)၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး(ဒို့အရေး၊ဒို့အရေး)၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး(ဒို့အရေး၊ ဒို့အရေး)၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် (အောင်ရမည်၊ အောင်ရမည်)ဟူသော ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြပြီး နံနက် ၈နာရီမိနစ်၄၀တွင် အခမ်းအနားကိုအောင်မြင်စွာကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)

NLD သည် ညီလာခံကျင်းပစဉ်က မကျေနပ်၍ ထွက်သွားခဲ့၊ နိုင်ငံတော်က အမြော်အမြင် ကြီးမားစွာဖြင့် ဆက်လက် ပူးပေါင်းရန် ခေါ်ယူခဲ့၊ ဆွေးနွေးညှိနှိုင်းခဲ့၊ သို့သော် ပူးပေါင်းဆောင်ရွက်မှု မရှိခဲ့၊ မစားရသည့်အမဲ သဲနှင့် ပက်လာ၊ အားကိုးရှာလာ၊ မူဝါဒလမ်းစဉ်(၇)ရပ် ပျက်အောင်လုပ်လာ၊ အပျက်ကိုတွေးပြီး အဖျက်ကိုသာ တစိုက်မတ်မတ် လုပ်နေ။

10-10 (09) 1 10/10/07, 2:28 AM

နိုင်ငံတော်၌ဖြစ်ပေါ်ခဲ့သော သံဃာအချို့နှင့် NLD ပါတီဝင်တို့၏ ဆူပူဆန္ဒပြ သွေးထိုးလှုံ့ဆော်မှုများသည် တည်ငြိမ်အေးချမ်းမှုကိုဖျက်ဆီးစေသည်ဟုခံယူ မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းအတွင်း၌ မြို့နယ်အသီးသီးမှ ပြည်သူများက ဆူပူဆန္ဒပြသူများအား ဆန့်ကျင်ရှုတ်ချကြောင်း ပြည်သူ့ဆန္ဒဖော်ထုတ်ခဲ့

နေပြည်တော် အောက်တိုဘာ ၉

နိုင်ငံတော်၌ဖြစ်ပေါ်ခဲ့သော သံဃာအချို့နှင့် NLDပါတီဝင်တို့၏ ဆူပူဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသောကြောင့် မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းအတွင်းရှိ မြို့နယ်အသီးသီးတို့မှ နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို လိုလားသည့် ပြည်သူများက စက်တင်ဘာ ၂၇ရက်မှစတင်၍ ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ခွင့်တောင်းပြီး ဆူပူဆန္ဒပြသူတို့အား ဆန့်ကျင်သော ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲများကို ပြုလုပ်ခဲ့ကြသည်။

ပြည်သူ့ဆန္ဒဖော်ထုတ်

မန္တလေးတိုင်း မြင်းခြံခရိုင် တောင်သာမြို့နှင့် မြင်းခြံမြို့တို့၌ စက်တင်ဘာ ၂၇ ရက်တွင် လည်းကောင်း၊ ကျောက်ပန်းတောင်းမြို့၊ ငါးဇွန်မြို့၊ နွားထိုးကြီးမြို့နှင့် ညောင်ဦးမြို့တို့၌ စက်တင်ဘာ ၂၈ ရက်တွင်လည်းကောင်း၊ ကျောက်ဆည်မြို့၌ စက်တင်ဘာ ၃၀ ရက်တွင်လည်းကောင်း၊ ပြင်ဦးလွင်မြို့၊ မကွေးတိုင်း နတ်မောက်မြို့၊ စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ရွှေဘိုမြို့နှင့် ဝက်လက်မြို့တို့၌ အောက်တိုဘာ ၁ ရက်တွင် လည်းကောင်း၊ မန္တလေးတိုင်း မိတ္ထီလာမြို့၊ မလှိုင်မြို့၊ သာစည်မြို့၊ ဝမ်းတွင်းမြို့၊ သပိတ်ကျင်းမြို့နှင့် မတ္တရာမြို့၊ မကွေးတိုင်း တောင်တွင်းကြီးမြို့နှင့် စစ်ကိုင်းတိုင်း အရာတော်မြို့တို့၌ အောက်တိုဘာ ၂ ရက်တွင်လည်းကောင်း၊ မန္တလေးတိုင်း ပျော်ဘွယ်မြို့နှင့် စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့တို့၌ အောက်တိုဘာ၃ ရက်တွင်လည်းကောင်း၊ စစ်ကိုင်းတိုင်း ရေဦးမြို့နှင့် ဆားလင်းကြီးမြို့၊ မန္တလေးတိုင်း စဉ့်ကူးမြို့နှင့် ရမည်းသင်းမြို့တို့၌ အောက်တိုဘာ ၄ ရက်တွင် လည်းကောင်း၊ စစ်ကိုင်းတိုင်း ထီးချိုင့်မြို့နှင့် ဘုတလင်မြို့တို့၌ အောက်တိုဘာ ၅ ရက်တွင်လည်းကောင်း၊ စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နှင့် ယင်းမာပင်မြို့တို့၌ အောက်တိုဘာ ၆ ရက်တွင် လည်းကောင်း ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချခဲ့ကြသည်။

ထို့အပြင် မန္တလေးတိုင်း မြင်းခြံခရိုင် တောင်သာမြို့နှင့် မြင်းခြံမြို့တို့၌ စက်တင်ဘာ၂၈ရက်တွင်လည်းကောင်း၊ မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့၊

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

နိုင်ငံတော်၌ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး မြင်းခြံမြို့၌ ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၌ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ခွင့်တောင်းပြီး တောင်သာမြို့နယ်၌ ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ခွင့်တောင်းပြီး ဒီပဲယင်းမြို့၌ ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၌ဖြစ်ပေါ်ခဲ့သော သံဃာအချို့နှင့် NLD ပါတီဝင်တို့၏ ဆူပူဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူ၊ နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကိုလိုလားသည့် ပြည်သူများက ဆူပူဆန္ဒပြသူတို့အား ဆန့်ကျင်သော ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲများ ပြုလုပ်။

10-10 (10) 1 10/10/07, 2:28 AM

တည်ငြိမ်မှုကို လိုလားသည်၊
အေးချမ်းမှုကို လိုလားသည်၊
ဆူပူအကြမ်းဖက်မှုကို မလိုလား၊
ဆူပူအကြမ်းဖက်မှုအန္တရာယ် ဒို့ကာကွယ်၊
ဆူပူအကြမ်းဖက်သူ ဒို့ရန်သူ၊
အမေကျော် ဒွေးတော် မလွမ်းနဲ့၊
ပြည်ပသွေးထိုးမှုများ ဒို့မလိုလား၊
ဆရာဒကာသွေးစည်းမှု ဒို့ရှေးရှု၊
ရှေ့လုပ်ငန်းစဉ်(၇)ရပ် အောင်ရမည်၊

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟုခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ကန့်ဘလူမြို့၌ ပြည်သူ့ဆန္ဒဖော်ထုတ် ရှုတ်ချကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၁၀ မှ

ငါန်းဇွန်မြို့၊ နွားထိုးကြီးမြို့နှင့် ညောင်ဦးမြို့တို့၌ စက်တင်ဘာ ၂၉ ရက်တွင်လည်းကောင်း ဒုတိယအကြိမ်အဖြစ် ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချခဲ့ကြသည်။

ကြွေးကြော်သံများကြွေးကြော်

ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချသူများသည် ဆူပူအကြမ်းဖက်သမားများ အလိုမရှိ၊ ပြည်တွင်းပြည်ပ အဖျက်သမားများ အလိုမရှိစသည့် ကြွေးကြော်သံများကို သံပြိုင် ကြွေးကြော်ခြင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံများကို ကိုင်ဆောင်၍ တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကိုလိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား၊ ဆူပူအကြမ်းဖက်မှု အန္တရာယ် ဒို့ကာကွယ်၊ ဆူပူအကြမ်းဖက်သူ ဒို့ရန်သူ၊ အမေကျော်ဒွေးတော်မလွမ်းနဲ့၊ ပြည်ပသွေးထိုးမှုများ ဒို့မလိုလား၊ ဆရာဒကာ သွေးစည်းမှု ဒို့ရှေးရှု၊ ရှေ့လုပ်ငန်းစဉ် (၇)ရပ် အောင်ရမည်၊ ဒို့တာဝန်အရေး (၃)ပါး၊ အမျိုးသားညီလာခံကို ထောက်ခံသည်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကြိုဆိုသည်၊ ဆူပူအကြမ်းဖက်ခြင်းသည် ဒီမိုကရေစီ၏ ဆန့်ကျင်ဘက်၊ ကိုလိုနီနယ်ချဲ့လက်သစ်ဝါဒီ ဒို့လက်မခံ၊ BBC၊ VOA ကောလာဟလ သတိထား၊ RFA ရန်တိုက်ပေးနေသည် စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ မြို့တွင်းလှည့်လည်ခြင်းဖြင့် ဆူပူဆန္ဒပြသူများအား ဆန့်ကျင်သော ဆန္ဒဖော်ထုတ်ရှုတ်ချပွဲများကို ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြ သွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟုခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ပျော်ဘွယ်မြို့နယ်၌ ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၌ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏အေးချမ်းသာယာမှုကို နှောင့်ယှက် ဖျက်ဆီးသည်ဟုခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ငါန်းဇွန်မြို့၌ ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၌ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည်ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက် ဖျက်ဆီးသည်ဟုခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ထီးချိုင့်မြို့၌ ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချကြစဉ်။

(သတင်းစဉ်)

ဗြိတိန်နှင့်ဆွစ်ဇာလန်တို့တွင် ဆန္ဒပြသူများနှင့်ရဲတပ်ဖွဲ့တို့ ပဋိပက္ခဖြစ်ပွား

အီရတ်၌ဗုံးပေါက်ကွဲမှုများကြောင့် အီရတ်အရပ်သားများအတောမသတ်သေဆုံး

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဗြိတိန်၌စစ်ပွဲဆန့်ကျင်ရေးဆန္ဒပြမှုဖြစ်ပွား ကိုယ်ထိလက်ရောက်ကျူးလွန်သူများအားရဲတပ်ဖွဲ့ကဖမ်းဆီး

လန်ဒန် အောက်တိုဘာ ၉

ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် အီရတ်စစ်ပွဲဆန့်ကျင်ဆန္ဒပြသူများအနက် လူလေးဦးအား လန်ဒန်ရဲတပ်ဖွဲ့က အောက်တိုဘာ ၈ရက်တွင် ဖမ်းဆီးလိုက်ကြောင်း လန်ဒန်ရဲတပ်ဖွဲ့ကပြောကြားသည်။ အီရတ်စစ်ပွဲဆန့်ကျင်ဆန္ဒပြသူများအနက် အဆိုပါလေးဦးသည် ရဲတပ်ဖွဲ့ဝင်များအား ကိုယ်ထိလက်ရောက်တိုက်ခိုက်ခဲ့မှုကြောင့် ဖမ်းဆီးခဲ့ရခြင်းဖြစ်ကြောင်းသိရသည်။

ဆန္ဒပြ

စစ်ပွဲဆန့်ကျင်ဆန္ဒပြသူ ရာပေါင်းများစွာသော ဆန္ဒပြသမားများသည် တီရာဖာလ်ဂါရင်ပြင်မှ ပါလီမန်အဆောက်အအုံသို့ ချီတက်ဆန္ဒပြခဲ့ကြပြီး အီရတ်မှတပ်ဖွဲ့ဝင်များ ပြန်လည်ရုပ်သိမ်းရန် ဗြိတိန်အစိုးရအား တောင်းဆိုခဲ့ကြသည်။ ရဲတပ်ဖွဲ့ဝင်များက ဥပဒေအရ ဆန္ဒပြသူများအား တားဆီးရန်ခြိမ်းခြောက်ခဲ့သော်လည်း ဆန္ဒပြသူများက အဆိုပါဥပဒေကို ချိုးဖောက်ကာ ပါလီမန်အဆောက်အအုံအနီး လမ်းပေါ်တွင်ထိုင်လျက် ဆန္ဒပြခဲ့ကြကြောင်း တရားဝင်ခွင့်ပြုချက်မရယူဘဲ ဆန္ဒပြခဲ့ကြခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ပိုင်း တီကရစ်မြို့၌ ကားဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများကို အောက်တိုဘာ ၆ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဆွစ်ဇာလန်တွင် ရဲတပ်ဖွဲ့နှင့် ဆန္ဒပြသူများ ပဋိပက္ခဖြစ်ပွား

ဂျီနီဗာ အောက်တိုဘာ ၉

ဆွစ်ဇာလန်နိုင်ငံ၏ မြို့တော် ဘန်းမြို့တွင် အောက်တိုဘာ ၆ရက်က လက်ယာယိမ်းဆွစ်ဇာလန်ပြည်သူ့ပါတီ မဲဆွယ်စည်းရုံးပွဲကို နှောင့်ယှက်ရန်ကြိုးစားသည့် လက်ဝဲယိမ်းဆန္ဒပြသူများနှင့် ဆွစ်ဇာလန်ရဲများ ရင်ဆိုင်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ကြောင်း ဆွစ်စင်ဖို့ဝက်ဘ်ဆိုက်က သတင်းထုတ်ပြန်သည်။ ယင်းပစ်ခတ်မှုများတွင် ရဲတပ်ဖွဲ့ဝင် ၂၀ကျော်နှင့် ဆန္ဒပြသူ အများအပြား ဒဏ်ရာရခဲ့ကြောင်း ရဲအဖွဲ့ပြောရေးဆိုခွင့်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ ယင်းဝက်ဘ်ဆိုက်က ဖော်ပြသည်။ ဆန္ဒပြသူ ဒါဇင်ပေါင်းများစွာကို စစ်ဆေးမေးမြန်းရန် ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

ပစ်ခတ်မှုဖြစ်ပွား

ဘန်းမြို့တွင် ဆွစ်ဇာလန်ပြည်သူ့ပါတီကိုထောက်ခံသူ ၁၀၀၀၀ ခန့်သည် ပါလီမန်အဆောက်အအုံ၏ရှေ့တွင် စုရုံးရန် လမ်းများတစ်လျှောက် ချီတက်ခဲ့ကြကြောင်း၊ ရာပေါင်းများစွာသော လက်ဝဲယိမ်းဆန္ဒပြသူများက ၎င်းတို့ကို ဟန့်တားရန် ကြိုးစားသော ရဲတပ်ဖွဲ့နှင့် ပဋိပက္ခဖြစ်ခဲ့ရာမှ ပစ်ခတ်မှုဖြစ်ပွားရကြောင်း သတင်းတွင်ဖော်ပြသည်။

ပါလီမန်ရင်ပြင်တွင် ဝရန်းသုန်းကားအော်ဟစ်ကာ မဲဆွယ်စည်းရုံးအဖွဲ့၏ အခြေခံလုပ်ဆောင်ချက်ကို ဖျက်ဆီးခဲ့ကြသည့် ဆန္ဒပြသူများကို ရဲအဖွဲ့က မျက်ရည်ယိုဗုံးများခွဲကာ လူစုခွဲခဲ့ကြသည်။ ဆန္ဒပြသူများကလည်း လုံခြုံရေးတပ်ဖွဲ့များကို ကျောက်ခဲများ၊ ပုလင်းများဖြင့်ပစ်ပေါက်ခဲ့ကြကြောင်း ယင်းဝက်ဘ်ဆိုက်တွင်ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရတ်မြောက်ပိုင်း၌ ကားဗုံးခွဲတိုက်ခိုက်၊ နှစ်ဦးသေဆုံး

တီကရစ် အောက်တိုဘာ ၉

အီရတ်နိုင်ငံမြောက်ပိုင်း ဆာလာဟူဒင်ပြည်နယ် အယ်လ်အလမ်မြို့ပြင်ရှိ စစ်ဆေးရေးဂိတ်တွင် အောက်တိုဘာ ၈ရက်က အသေခံ ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ နှစ်ဦးသေဆုံးပြီး ရဲတပ်ဖွဲ့ဝင်ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်ဆိုင်ရာ ရဲသတင်းတစ်ရပ်တွင် ဖော်ပြသည်။

နောက်ဆုံးသတင်းအရ ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် အရပ်သားနှစ်ဦးသေဆုံးပြီးရဲတပ်ဖွဲ့ဝင်ရှစ်ဦးဒဏ်ရာရခဲ့ကြောင်း၊ ၎င်းတို့အနက် လေးဦးမှာ စိုးရိမ်ရကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

တိုက်ခိုက်

ပြည်နယ်မြို့တော် တီကရစ်မြို့မှ အရှေ့ဘက် ၁၀ကီလိုမီတာ အကွာ အယ်လ်အလမ် စစ်ဆေးရေးဂိတ်ကို အသေခံ ဗုံးခွဲသမားတစ်ဦးက ဖောက်ခွဲရေး ပစ္စည်းအပြည့် တင်ဆောင်ထားသည့်ကားဖြင့် မောင်းဝင်တိုက်ခိုက်ခဲ့ကြောင်း ယင်းသတင်းတွင် ဖော်ပြသည်။ အမ်အင်န်အေ၊ဆင်ဟွာ

ပိုလန်သံရုံးအနီး၌ ကားဗုံးပေါက်ကွဲ နှစ်ဦးသေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ ပိုလန်သံရုံးအနီး ကားဗုံးတစ်လုံး အောက်တိုဘာ ၉ ရက်က ပေါက်ကွဲမှုဖြစ်ပွားရာ လူနှစ်ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း၊ ယင်းဖြစ်ရပ်မှာ ဘဂ္ဂဒက်ရှိ ပိုလန်သံအမတ်တိုက်ခိုက်ခံရမှုကြောင့် ဒဏ်ရာရရှိပြီး ငါးရက်အကြာ ယခုကဲ့သို့ ဗုံးပေါက်ကွဲမှုဖြစ်ပွားခြင်း ဖြစ်သည်။

ထို့အတူ အောက်တိုဘာ ၈ ရက်က ဘဂ္ဂဒက်မြို့လယ်ရှိ နည်းပညာတက္ကသိုလ်အနီးတွင် ကားဗုံးပေါက်ကွဲမှုကြောင့် အရပ်သားလေးဦးသေဆုံးပြီး အမျိုးသမီးများအပါအဝင် ကလေးငယ် ၁၀ဦးတို့ ဒဏ်ရာရရှိခဲ့ကြောင်း ဘဂ္ဂဒက်ရဲတပ်ဖွဲ့က ပြောကြားသည်။

ထိုသို့ ဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွားနေခြင်းကြောင့် ပိုလန်သံရုံးကို ဘဂ္ဂဒက်ရှိ အစိမ်းရောင်ဇုန်အတွင်းရှိအဆောက်အအုံသစ်တစ်ခုသို့ ပြောင်းရွှေ့ဖွင့်လှစ်ရန် စီစဉ်နေကြောင်း ပိုလန်သံရုံးမှ ပြောကြားသည်။

အဆိုပါ ကားဗုံးပေါက်ကွဲမှုမှာ ပိုလန်သံရုံးမှ မီတာ၂၀၀ခန့်အကွာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အင်အားပြင်းထန်သော ဗုံးပေါက်ကွဲမှုဖြစ်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

❖ *တောင်အာဖရိကနိုင်ငံ ဖရီးစတိတ်ပြည်နယ်ရှိ ရွှေတွင်းတစ်တွင်း၏ မြေအောက်လိုဏ်ဂူအတွင်း၌ အောက်တိုဘာ ၈ရက်က မတော်တဆဖြစ်ရပ်ကြောင့် မီးလောင်ကျွမ်းမှုဖြစ်ပွားရာ ရွှေတွင်းလုပ်သား ၂၃ဦးသေဆုံးသွားကြောင်း အင်တာနက်သတင်း၌ဖော်ပြသည်။*

❖ **ထိုင်းနိုင်ငံအလယ်ပိုင်း ပက်ချာဘူရီပြည်နယ် ချာအမ်ခရိုင်တွင် အောက်တိုဘာ ၈ရက်က ဆလွန်းကားတစ်စီးနှင့် ရထားတစ်စင်းတို့ တိုက်မိခဲ့ရာ ဆလွန်းကားမှ လူသုံးဦးပွဲချင်းပြီးသေဆုံးပြီး ကျန်သုံးဦးမှာ ဒဏ်ရာအပြင်းအထန် ရရှိသွားကြောင်း အင်တာနက်သတင်း၌ဖော်ပြသည်။**

❖ *ဘင်္ဂလားဒေ့ရှ်နိုင်ငံအရှေ့ပိုင်း နာဆင်ဒီခရိုင်ရှိ မက်နာမြစ်အတွင်း အောက်တိုဘာ ၉ ရက်က ခရီးသည်၅၀ တင်ဆောင်လာသော စက်လှေကြီးတစ်စင်း မှန်တိုင်းမိ၍ နစ်မြုပ်ခဲ့ရာ ခရီးသည်၃၅ဦးသေဆုံးသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။*

❖ **တရုတ်နိုင်ငံ အရှေ့ပိုင်း ကျန်စုပြည်နယ် ကျန်ကျာဂန်မြို့ရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခု၌ အောက်တိုဘာ ၉ ရက်က အဆောက်အအုံ နံရံကြီးတစ်ခု ရုတ်တရက် ပြိုကျခဲ့ရာ ခြောက်ဦးသေဆုံးပြီး ငါးဦး ဒဏ်ရာ ရရှိခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။** (ယာပုံ)

❖ *ရုရှားနိုင်ငံ မော်စကိုမြို့အရှေ့တောင်ပိုင်းရှိ ပညာရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းတစ်ခု၌ အောက်တိုဘာ ၈ရက်က မီးလောင်ကျွမ်းမှုဖြစ်ပွားရာ ၁၀ဦးသေဆုံးပြီး ၄၂ဦးဒဏ်ရာရရှိသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။* **(အပေါ်ပုံ)**

❖ **တူရကီနိုင်ငံ အရှေ့တောင်ပိုင်း တူရာကေးမြို့အနီးတွင် အောက်တိုဘာ ၉ရက်က ရှေးဟောင်းသင်္ချိုင်းဂူတစ်ခုတွေ့ရှိခဲ့ရာ ယင်းသင်္ချိုင်းဂူသည် လွန်ခဲ့သောနှစ်ပေါင်း၈၀၀၀ခန့်က သင်္ချိုင်းဂူဖြစ်ကြောင်း တူရကီသုတေသနပညာရှင်များက ပြောကြားသည်ဟု အင်တာနက်သတင်း၌ဖော်ပြသည်။**

❖ *တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ကျန်ချွမ်းစီရင်စုတွင် အောက်တိုဘာ ၈ရက်က အဆိုပါဒေသအနီးရှိ တောင်တစ်တောင်မှ အရှည်မီတာ၁၅၀၊ အကျယ်အဝန်းမီတာ ၁၅၀ခန့်ရှိသော ရေမြေစိုင်ခဲကြီးတစ်ခု ပြိုကျခဲ့ရာ ဒေသခံပြည်သူ ၃၀၀၀ခန့် ဘေးကင်းရာသို့ အမြန်ရွှေ့ပြောင်းပေးခဲ့ရကြောင်း၊ လျှပ်စစ်ကြိုးများနှင့် ဆက်သွယ်ရေးလိုင်းများလည်း ပြတ်တောက်သွားကြောင်း၊ သေဆုံးဒဏ်ရာရမှုမရှိကြောင်း အင်တာနက်သတင်း၌ဖော်ပြသည်။*

❖ **အီတလီနိုင်ငံ ရောမမြို့ပြင်ရှိ လက်နက်စက်ရုံတစ်ရုံတွင် အောက်တိုဘာ ၉ရက်က ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ လူတစ်ဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ စက်ရုံလည်းပျက်စီးခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

ဘဂ္ဂဒက်မြို့မြောက်ပိုင်း၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွား

ဘဂ္ဂဒက် အောက်တိုဘာ ၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ မြောက်ပိုင်း ဘေဂျီမြို့တွင် အောက်တိုဘာ ၉ ရက်က ကားဗုံးပေါက်ကွဲမှုနှစ်ရပ်ဖြစ်ပွားရာ အရပ်သား ၁၈ဦး သေဆုံးပြီး ၂၉ဦး ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ပေါက်ကွဲ

ထို့အတူ ဘေဂျီမြို့တွင်လည်း အောက်တိုဘာ၈ရက်က ဗုံးပေါက်ကွဲမှုများဖြစ်ပွားခဲ့ပြီး အရပ်သားများဒဏ်ရာရရှိသည့်အပြင် နေအိမ်များလည်း ပျက်စီးခဲ့ရသည်။ ဗုံးတစ်လုံးမှာ ဘေဂျီမြို့ ရဲတပ်ဖွဲ့အရာရှိတစ်ဦး၏ နေအိမ်အနီးတွင် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

တစ်ဖန် ဘေဂျီမြို့မှ မိုင်၆၀ခန့်ဝေးကွာသော ဆာမာရာမြို့တွင်လည်း လမ်းဘေးဗုံးတစ်လုံး ပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ လူသေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ခဲ့သည်။

ထို့အပြင် အောက်တိုဘာ၈ရက်က ရာမာဒီမြို့တွင်လည်း ဗုံးတစ်လုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အီရတ်နိုင်ငံတစ်ဝန်း ဗုံးပေါက်ကွဲမှုများ ဆက်တိုက် ဖြစ်ပေါ်လျက်ရှိကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

(အင်တာနက်)

ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား

မှော်ဝင်ခြေစွမ်းပိုင်ရှင် အဲဗက်စ်တဲ့လား

အမ်စတာဒမ် အောက်တိုဘာ ၉

ပြီးခဲ့တဲ့ နွေရာသီဘောလုံးသမား အပြောင်းအရွှေ့ ဈေးကွက်မှာ မန်ယူအသင်းက ခေါ်ယူဖို့ ပစ်မှတ်ထားခဲ့တဲ့ ဘရာဇီးနဲ့ ဟော်လန်ကလပ်ဟီရန်ဗင်း တိုက်စစ်မှူး အဖွန်ဆိုအဲဗက်စ်ဟာ ဒီနှစ်မှာ ဟီရန်ဗင်းအတွက် အထူးခြားဆုံး ဂိုးသွင်းသူရဲကောင်း တစ်ဦးအဖြစ် ရောက်ရှိလာခဲ့ပြီ ဖြစ်ပါတယ်။

ကိုးကားတင်ပြသူ
မောင်မောင်မြင့်ဆွေ

မခေါ်နိုင်ခဲ့

ဖာဂူဆန်ဟာ အဖွန်ဆိုအဲဗက်စ်ကို ခေါ်ယူဖို့ ကြိုးစားခဲ့ပေမယ့် အကြောင်းအမျိုးမျိုးကြောင့် အိုးထရက်ဖို့ဒ်ရောက်အောင် မခေါ်ယူနိုင်ခဲ့ပါဘူး။ အဲဒါကလည်း အပြောင်းအရွှေ့ဆိုင်ရာ အချက်အလက်တွေနဲ့ ပြောင်းရွှေ့ကြေးတွေ ညှိနှိုင်းမရလို့ဖြစ်ကြောင်း မန်ယူက သတင်းထုတ်ပြန်ခဲ့ပါတယ်။

အနိုင်ရ

ဒါကြောင့် ဘရာဇီးတိုက်စစ်မှူး အဲဗက်စ်ဟာ ဟီရန်ဗင်းမှာပဲ ဆက်လက် ကစားနေပြီး ဒီနှစ်ရဲ့ အထူးခြားဆုံး တိုက်စစ်မှူးအဖြစ် သတ်မှတ်ခံရမယ့် အခြေအနေဖြစ်လာတာပဲဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီနှစ် ဟော်လန်လိဂ် ဘောလုံးပြိုင်ပွဲရဲ့ ပွဲစဉ်(၇)ကို အောက်တိုဘာ ၇ ရက်က ကစားတဲ့အခါ ဟီရန်ဗင်းအသင်းဟာ အိမ်ကွင်းမှာ အယ်မီလိုအသင်းနဲ့ ယှဉ်ပြိုင်ကစားတဲ့ပွဲမှာ ဟီရန်ဗင်းတို့က ကိုးဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပါတယ်။

ဆက်တိုက်ဂိုးသွင်း

အဲဒီလို အယ်မီလိုအသင်းကို ကိုးဂိုး-ဂိုးမရှိနဲ့ အနိုင်ရခဲ့တဲ့ပွဲမှာ တိုက်စစ်မှူး အဲဗက်စ်က တစ်ဦးတည်း ခုနစ်ဂိုးသွင်းယူနိုင်ခဲ့လို့ပဲ ဖြစ်ပါတယ်။ အဲဒီပွဲမှာ အဲဗက်စ်ဟာ အယ်မီလိုအသင်းဘက်ကို ပွဲချိန် ၁၀မိနစ်၊ ၁၇မိနစ်၊ ၁၉မိနစ်၊ ၆၈မိနစ်၊ မိနစ်၇၀၊၇၅မိနစ်၊ ၇၇မိနစ်နဲ့ ၈၁မိနစ်တွေမှာ တစ်ဂိုးပြီးတစ်ဂိုး ဆက်တိုက် သွင်းယူနိုင်ခဲ့လို့ပဲ ဖြစ်ပါတယ်။

မှော်ဝင်

ဒီပွဲမှာ အဲဗက်စ်ဟာ မှော်ဝင်တဲ့ ဂိုးသွင်းခြေထောက်တွေပိုင်ဆိုင်ထားတဲ့ တိုက်စစ်မှူးတစ်ဦးအဖြစ် ထင်မှတ်ရလောက်အောင် ပထမပိုင်းသုံးဂိုးကို ကိုးမိနစ်အတွင်း သွင်းယူခဲ့တာဖြစ်ပြီး၊ ဒုတိယပိုင်းပွဲချိန်အတွင်း လေးဂိုးကို ၁၃မိနစ်အတွင်းမှာ ဆက်တိုက်သွင်းယူခဲ့တာ ဖြစ်ပါတယ်။

မှတ်တမ်းဝင်

အဲဗက်စ်ရဲ့ အဲဒီခုနစ်ဂိုးကိုသွင်းယူခဲ့တဲ့ စုစုပေါင်း အချိန်ဟာ ၂၂မိနစ်ပဲရှိလို့ ကမ္ဘာပေါ်မှာတော့ အချိန်တိုအတွင်း ဂိုးအများဆုံးသွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူးတစ်ဦးအဖြစ် ထူးထူးခြားခြား မှတ်တမ်းဝင်သွားခဲ့ပြီ ဖြစ်ပါတယ်။

၁၉၈၁ ခုနှစ် ဇန်နဝါရီ ၃၀ရက်က ဘရာဇီးနိုင်ငံမှာ မွေးဖွားခဲ့ပြီး လက်ရှိအသက် ၂၆နှစ်ရှိတဲ့ တိုက်စစ်မှူး အဖွန်ဆိုအဲဗက်စ်ဟာ ဟီရန်ဗင်းအသင်းကို ၂၀၀၆-၂၀၀၇ ဘောလုံးရာသီမှာ စတင်ရောက်ရှိခဲ့တာဖြစ်ပြီး အရင်က မာလ်မိုအသင်းမှာ ကစားခဲ့သူဖြစ်ပါတယ်။

အများဆုံး

ဟီရန်ဗင်းအသင်းကို ရောက်ခဲ့တဲ့နှစ်မှာပဲ ဟီရန်ဗင်းအတွက် ၃၇ပွဲ ကစားပေးခဲ့ပြီး ၃၇ဂိုးသွင်းယူပေးခဲ့လို့ ပြီးခဲ့တဲ့နှစ်က ဟော်လန်လိဂ် ဘောလုံးပြိုင်ပွဲမှာတော့ ဂိုးအများဆုံး သွင်းယူနိုင်ခဲ့သူအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သူပါပဲ။

အဲဗက်စ်

ဟော်လန်လိဂ် ဘောလုံးပြိုင်ပွဲတွင် တစ်ပွဲတည်း ခုနစ်ဂိုး သွင်းခဲ့သည့် ဟီရန်ဗင်း တိုက်စစ်မှူး အဲဗက်စ်။

(ဓာတ်ပုံ-အင်တာနက်)

စာရင်းဝင်

အဲဗက်စ်ဟာ ပြီးခဲ့တဲ့နှစ်က ဥရောပဘောလုံးရွှေဖိနပ်ဆုရဖို့တောင် နာမည်စာရင်းဝင်ခဲ့ပေမယ့် ရိုးမားတိုက်စစ်မှူး တော့တီက သူ့ထက် ရမှတ်ပိုများခဲ့တာကြောင့် ရွှေဖိနပ်ဆုနဲ့လွဲခဲ့ရသူတစ်ဦးလည်း ဖြစ်ပါတယ်။

ဟော်လန်သမိုင်း

ဒါပေမယ့် ဟော်လန်ဘောလုံး သမိုင်းကို ပြန်ကြည့်ရင် အခုလို ဟော်လန်လိဂ် ပထမတန်းဘောလုံးပြိုင်ပွဲလို့ သတ်သတ်မှတ်မှတ်မရှိသေးတဲ့ ဟော်လန်ကလပ် ဘောလုံး ပြိုင်ပွဲတွေ ကျင်းပစဉ်ကာလ ၁၉၅၅-၅၆ခုနှစ် ဘောလုံးရာသီတုန်းကတော့ ဖေရင်နအသင်း တိုက်စစ်မှူး ဟင်စချူ တင်က ပြိုင်ဘက် ဗိုလီဝီဂျက်ကာစ် အသင်းအပေါ် တစ်ဦးတည်း ကိုးဂိုးအထိ သွင်းယူခဲ့ဖူးတဲ့ မှတ်တမ်းတော့ ရှိပါတယ်။

ခြောက်ဂိုး

ဒါပေမယ့် ၁၉၅၆ နှစ် နောက်ပိုင်း ဟော်လန်လိဂ် ဘောလုံးပြိုင်ပွဲလို့ နိုင်ငံတကာအဆင့်မီ ပြိုင်ပွဲအဖြစ် ကျင်းပလာခဲ့တဲ့ နောက်ပိုင်းမှာတော့ တိုက်စစ်မှူး တစ်ဦးတည်း အများဆုံးဂိုးသွင်းနိုင်ခဲ့တဲ့ ဂိုးအရေအတွက်က ခြောက်ဂိုးအထိပဲ ရှိခဲ့ပါတယ်။ အဲဒီ တိုက်စစ်မှူးတွေက ၁၉၇၀ပြည့်နှစ်က ဂျိုဟာန်ခရိုဖ်၊ ၁၉၈၅ခုနှစ်က မာကိုဗင်ဘာစတန်တို့ပဲ ဖြစ်ပါတယ်။

စိတ်ဝင်စား

ဘရာဇီးနဲ့ဟီရန်ဗင်း တိုက်စစ်မှူး အဲဗက်စ်ကို အီတလီကလပ်အသင်းကြီးတွေဖြစ်တဲ့ အေစီမီလန်၊ အင်တာမီလန်နဲ့ဂျူဗင်းတပ်စ်တို့က ခေါ်ယူဖို့ အပြိုင်အဆိုင်ကြိုးစားနေကြပြီဖြစ်သလို ပရီမီယာလိဂ်အသင်းတွေကလည်း ခေါ်ယူဖို့ စိတ်ဝင်စားနေကြပါတယ်။

အပြည့်အဝရှိ

မန်ယူနည်းပြ ဖာဂူဆန်ကတော့ အဲဗက်စ်နဲ့ပတ်သက်ပြီး "အဲဗက်စ်လို တိုက်စစ်မှူးတစ်ဦးဟာ ထိပ်တန်းဘောလုံးကလပ်အသင်းတစ်သင်းမှာ ရှိသင့်ပါတယ်။ တိုက်စစ်မှူးတစ်ဦးရဲ့ အရေးအကြီးဆုံး အချက်ဖြစ်တဲ့ ဂိုးသွင်းစွမ်းရည်ကောင်းဖို့ဆိုတဲ့ အရည်အချင်း အဲဗက်စ်မှာ အပြည့်အဝရှိနေပါတယ်" လို့ ပြောကြားခဲ့ပါတယ်။

စောင့်ကြည့်

ဒါကြောင့် ဒီနှစ်ဘောလုံးရာသီမှာလည်း တိုက်စစ်မှူးအဲဗက်စ်အနေနဲ့ စုစုပေါင်း ဂိုးဘယ်လောက်အထိ သွင်းယူသွားမလဲဆိုတာ စိတ်ဝင်စားစွာ စောင့်ကြည့်ရတော့မည်ဖြစ်ပါကြောင်း။

(ကိုးကား-အင်တာနက်)

စုစည်းတင်ပြသူ
မောင်ချစ်ကြည်

ဆီနီဂေါဘောလုံးအသင်းခေါင်းဆောင် ဒီအော့ဖ် နိုင်ငံလက်ရွေးစင်အသင်းမှ အနားယူမည်

နိုင်ငံလက်ရွေးစင်အသင်းမှ အနားယူတော့မည့် ဆီနီဂေါတိုက်စစ်မှူး ဒီအော့ဖ်။

(ဓာတ်ပုံ-အင်တာနက်)

အောက်တိုဘာ ၉

ဆီနီဂေါဘောလုံးလက်ရွေးစင် အသင်းခေါင်းဆောင် အယ်လ်ဟက်ဒ် ဂျီဒီအော့ဖ်က ၎င်းနိုင်ငံအတွက် နိုင်ငံတကာ ဘောလုံးပွဲကစားခြင်းမှ အနားယူမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

မိမိတို့၏ အနောက်အာဖရိက အသင်းတွင် စည်းလုံးညီညွတ်မှု ပြဿနာများကြောင့် မချင့်မရဲဖြစ်ရကြောင်း အသက် ၂၆နှစ်အရွယ်ရှိ ၎င်းတိုက်စစ်မှူးက ပြောကြားသည်။

အသက် ၂၆နှစ်အရွယ်ရှိ ဒီအော့ဖ်သည် လာမည့်နှစ်တွင် ဂါနာနိုင်ငံ၌ကျင်းပမည့် အာဖရိကနိုင်ငံများ ဖလားပြိုင်ပွဲအတွက် ဆီနီဂေါအသင်း ခြေစစ်ပွဲအောင်မြင်အောင် အဓိက စွမ်းဆောင်ပေးခဲ့သူ ဖြစ်သည်။ ဆီနီဂေါအသင်းသည် အောက်တိုဘာ ၁၄ ရက်တွင် ဂီနီယာအသင်းနှင့် နိုင်ငံတကာ ချစ်ကြည်ရေးပွဲ ကစားရမည် ဖြစ်သည်။ **(အင်တာနက်)**

ဝနသဟာယ လိုက်ဖ်မစ်ဒယ်ဝိတ်တန်း ချန်ပီယံလက်ဝှေ့ပွဲ လက်ရှိချန်ပီယံ ပရေစီက ပြိုင်ဘက်ကို ဒိုင်ပွဲရပ်ဖြင့်အနိုင်ရ

လန်ဒန် အောက်တိုဘာ ၉

အင်္ဂလန်နိုင်ငံ နော့တင်ဟမ်မြို့၌ အောက်တိုဘာ ၈ ရက်က ကျင်းပခဲ့သော ဝနသဟာယလိုက်ဖ် မစ်ဒယ်ဝိတ်ချန်ပီယံ ဘရက်လေပရေစီနှင့် စိန်ခေါ်သူ မာတင်တို့ ထိုးသတ်ရာ ဘရက်လေပရေစီက တတိယအချီ တွင် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိခဲ့ပြီး ချန်ပီယံဘွဲ့ကို ကာကွယ်နိုင်ခဲ့သည်။

ဘရက်လေပရေစီ (ဝဲ) ၏ ဘယ်ဝိုက်လက်သီး စိန်ခေါ်သူမာတင်အား ဤသို့ မိမိရရထိုးသတ်ခဲ့စဉ်။

(ဓာတ်ပုံ-အင်တာနက်)

အသာစီး

ဘရက်လေပရေစီသည် ပထမအချီနှင့် ဒုတိယအချီများတွင် မာတင်အား အသာစီး ထိုးသတ်နိုင်ခဲ့ပြီး တတိယအချီတွင် ပွဲသိမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။

အနိုင်ပွဲ

အသက် ၂၆နှစ်အရွယ်ရှိ ဘရက်လေပရေစီသည် လက်ဝှေ့ပွဲ ၃၂ပွဲ ထိုးသတ်ခဲ့ရာတွင် ၂၆ပွဲနိုင်၊ ခြောက်ပွဲသရေရလဒ်များ ပိုင်ဆိုင်ထားသည်။ ထိုလက်ဝှေ့ပွဲများအနက် ၁၆ပွဲမှာ ဒိုင်ပွဲရပ်ဖြင့် အနိုင်ယူထားသောပွဲများ ဖြစ်သည်။

မျှော်မှန်းထား

မိမိသည် မကြာမီ ကမ္ဘာ့အဆင့်မီ ချန်ပီယံဆုတစ်ဆုရရှိရန် မျှော်မှန်းထားကြောင်း၊ ယင်းမျှော်မှန်းချက်ကို လာမည့်နှစ်၌ အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ (အင်တာနက်)

ယူရိုခြေစစ်ပွဲ၌ အင်္ဂလန်အသင်းတွင် အက်ရှ်တန်ဒဏ်ရာကြောင့် မကစားနိုင်

လန်ဒန် အောက်တိုဘာ ၉

ဝက်စ်ဟမ်းတိုက်စစ်မှူး ဒိန်းအက်ရှ်တန်သည် ယူရို၂၀၀၈ ခြေစစ်ပွဲအဖြစ် အက်စတိုးနီးယား၊ ရုရှားအသင်းများနှင့် ကစားရမည့် အင်္ဂလန်အသင်းတွင် ဒူးဒဏ်ရာမသက်သာမှုကြောင့် ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်း အက်ရှ်တန်က အောက်တိုဘာ ၉ ရက်၌ ပြောကြားသည်။

ခေါင်းခဲစရာ

လာမည့်အောက်တိုဘာ ၁၃ ရက်နှင့် ၁၇ ရက်များတွင် ယူရို ၂၀၀၈ ခြေစစ်ပွဲအဖြစ် အက်စတိုးနီးယား၊ ရုရှားအသင်းများနှင့် အင်္ဂလန်အသင်း ကစားရမည်ဖြစ်ရာ တိုက်စစ်မှူးအခက်အခဲကြုံနေရသော အင်္ဂလန်နည်းပြ မက်ကလာရင်အတွက် ခေါင်းခဲစရာ ဖြစ်ခဲ့ရသည်။

ဒဏ်ရာရ

အသက် ၂၃ နှစ်အရွယ် အက်ရှ်တန်သည် ပရီမီယာလိဂ်ပွဲစဉ်အဖြစ် အက်စတွန်ဗီလာနှင့်ကစားခဲ့သောပွဲ၌ ဒူးဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ ထို့အတူ အင်ဒရူးဂျွန်ဆင်မှာလည်း ခြေကျင်းဝတ်ဒဏ်ရာရရှိထားသဖြင့် အင်္ဂလန်အသင်းတွင် ပါဝင်ကစားနိုင်ခြင်း မရှိချေ။

အတည်ပြု

အဲဗာတန် နည်းပြဒေးဗစ်မိုရေးကလည်း ဂျွန်ဆင်အနေဖြင့် လောလောဆယ်တွင် ဒဏ်ရာကြောင့် ဘောလုံးကစားခြင်း မပြုနိုင်သေးကြောင်း အတည်ပြု ပြောကြားခဲ့သည်။

(အင်တာနက်)

အက်ရှ်တန်

ယူရိုခြေစစ်ပွဲနှင့် လွဲရတော့မည့် ဝက်စ်ဟမ်း တိုက်စစ်မှူး အက်ရှ်တန်။

(ဓာတ်ပုံ-အင်တာနက်)

ချစ်ခင်ပွန်းနှင့်ချစ်သမီးကြီးတို့၏ထပ်တူထပ်မျှ မွေးနေ့ဆုမွန်

၁၀–၁၀–၂၀၀၇ရက်တွင် ကျရောက်ကြသော ချစ်ခင်ပွန်း **ဒုတိယဗိုလ်မှူးကြီးဝင်းသော်** (ဘဏ္ဍာ/အခွန် ဝန်ကြီးဌာန)၏ (၄၆)နှစ်ပြည့်နှင့် ချစ်သမီးကြီး **"ဖူးဖူး" မဝင့်ဖူးသော်** (2 nd Year Civil HTU) ၏(၁၈)နှစ်ပြည့် မွေးနေ့မင်္ဂလာရက်မြတ်များမှသည် ဘဝတစ်လျှောက်လုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ လိုအင်ဆန္ဒမှန်သမျှပြည့်ဝပြီး မိသားစုစုံညီစွာနှင့် ပျော်ရွှင်ဖွယ် မွေးနေ့ပေါင်းများစွာကို အတူတကွ သက်ဆုံးတိုင် ဆင်နွှဲနိုင်ပါစေ။

ချစ်ဇနီး၊ ချစ်မေမေ – **ဒေါ်သီတာဦး**
ပုလဲမြို့သစ်၊ မင်္ဂလာဒုံ
ချစ်သမီးထွေး၊ ချစ်ညီမလေး – **(ပိုး၃)ဖူးပွင့်သော်**
Grade-VI- B
အထက(၂)၊ မင်္ဂလာဒုံ။

ချမ်းမြေ့ရိပ်သာကျောင်း(၃၁)ကြိမ်မြောက် ဘုံကထိန်လျာသင်္ကန်းလှူဒါန်းဆက်ကပ်ပွဲ

ကျင်းပမည့်နေ့ – ၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်(၉)ရက် ၄–၁၁–၂၀၀၇ (တနင်္ဂနွေနေ့)
ကျင်းပမည့်နေရာ – ချမ်းမြေ့ရိပ်သာကျောင်း
ရေစက်ချချိန် – နံနက် ၀၉း၀၀နာရီ
ဆွမ်းကျွေးမွေးချိန် – နံနက် ၀၉း၃၀နာရီမှ မွန်းတည့် ၁၂း၀၀နာရီ
သတိပြုပါရန် – လှူဖွယ်ပစ္စည်းများကို နံနက် ၈နာရီမှစ၍ အလှူရှင်များကိုယ်တိုင် ကပ်လှူနိုင်ရန် စီစဉ်ထားပါသည်။

အမှုဆောင်များ
ချမ်းမြေ့ရိပ်သာဝေယျာဝစ္စအဖွဲ့
၅၅(က)၊ ကမ္ဘာအေးစေတီလမ်း၊
ရန်ကုန်မြို့။

ရွှေကြေးခြည် – သီတင်းကျွတ်လ – ဘုရားဖူး

▲ အင်းလေးဘုရားပွဲ၊ တောင်ကြီး၊ မွေတော်ကက္ကူ၊ ပင်းတယ၊ ကုံလုံ၊ ကလော (၅)ရက်။
▲ မန္တလေး–ပြင်ဦးလွင်၊ စစ်ကိုင်း၊ မင်းကွန်း၊ မုံရွာ (၆)ရက်။ ခရီးစဉ်(၂)ခုပေါင်း (၈)ရက်။
▲ ပုဂံ–ညောင်ဦး၊ စွယ်တော်လေးဆူ၊ ပုပ္ပား (၄)ရက်။ ခရီးစဉ် (၃)ခုပေါင်း (၁၀)ရက်။
▲ ကျိုက္ကမီဘုရားပွဲ၊ မော်လမြိုင်၊ ဇာတိ၊ ...
▲ (ကျိုက်ထီးရိုး–နေ့စဉ်)(စလွန်)(ပြည်ဘုရားစုံ)(ရှောင်းသာ)ခရီးစဉ်များ

ဒေါ်စမ်းစမ်းအောင်၊ ၂၉၂၊ ပန်းဆိုးတန်းလမ်း ☎ 240860 / 372290

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးကိုကိုခိုင်ပိုင်ဆိုင်သော ယာဉ်အမှတ် ၈ျ/၁၇၈၄၏ အခွန်ကျေစာရွက်အစိမ်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ **ဖုန်း–၀၉–၅၀၀၄၇၅၃။**

ဖခင်အမည်မှန်

တောင်ကြီးမြို့ အထက(၄) တက္ကသိုလ်ဝင်တန်း(ဂ)မှ မောင်သားထွေး၏ ဖခင်အမည်မှန်မှာ ဦးကွေးရန် ဖြစ်ပါကြောင်း။

ဦးကွေးရန်
၂/လကန(နိုင်)၀၄၄၈၂၀။

အမည်ဖြည့်စွက်ခေါ်ပါရန်

တောင်ကြီးမြို့နယ် နန်းဟောင်းကျေးရွာအုပ်စု၊ ကုန်းကျောင်းရွာနေ ဦးခွန်ရှင်လော်၏သမီးအား နန်းရွှေလေး(ခ)မစန်းစန်း ၁၃/တကန(နိုင်) ၂၁၈၉၅၄ ဟု ဖြည့်စွက်ခေါ်ပါရန်။

ပြင်ဆင်ဖတ်ရှုပါရန်

၃၀–၉–၂၀၀၇ရက်ထုတ် ဤသတင်းစာပါ ကြွေရည်စိမ်ပစ္စည်းစက်ရုံ အမှတ်(၁)၏ မိုလ်နှင့်ဒိုင်များ ဝယ်ယူရန်ခေါ်ယူသည့် ချိပ်ပိတ်တင်ဒါ ကြော်ငြာတွင် **"ညွှန်ကြားရေးမှူးချုပ်၊ စက်မှုညွှန်ကြားရေးဦးစီးဌာန"** အစား **"မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်းစီမံကိန်းဌာန၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန(နေပြည်တော်)"** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

တောင်ကြီးမြို့၊ ပြည်တော်သာရပ်၊ ချယ်ရီလမ်းနေ ဦးမောင်မောင် ၁၃/တကန(နိုင်)၀၀၉၂၄၉ နှင့် ဦးစံထွန်း ၁၃/တကန(နိုင်)၀၀၉၂၄၁ တို့မှ တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ သီရိရတနာလမ်းနေ ဒေါ်မြဝင်း(ခ) နန်းမြနန်း ၁၃/တကန(နိုင်)၁၄၅၀၁၀ထံလွှဲအပ်ထားသော ၂–၄–၂၀၀၇ ရက်စွဲပါ ကိုယ်စားလှယ်လွှဲစာအမှတ် ၈၈/၂၀၀၇အား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါသည်။

ဦးမောင်မောင်၊ ဦးစံထွန်း။

အများသိစေရန်

ရန်ကုန်မြို့၊ အမှတ် ၃၇၊ အခန်း ၁၀၁၊ (၉)ဘလောက်၊ ၆လမ်း၊ (၉၄)ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်နေ မောင်မျိုးသန့် မှတ်ပုံတင် ၁၂/မဂတ(နိုင်)၀၄၃၄၆၆သည် မိခင်ဖြစ်သူ ဒေါ်မမခင်အား အမျိုးမျိုးစိတ်ဆင်းရဲအောင် ပြုမူဆောင်ရွက်နေပါ၍ သားအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်ပြီးဖြစ်ပါကြောင်းနှင့်၎င်းနေထိုင်ရာ အိမ်ခန်းသည် မိခင် ဒေါ်မမခင်ပိုင်နေအိမ်ခန်းဖြစ်၍ ဦးမျိုးသန့်နှင့် မည်သို့မျှပတ်သက်ခြင်းမရှိပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ ဦးမျိုးသန့်နှင့်ပတ်သက်၍ အရှုပ်အရှင်းမှန်သမျှကို မိခင်ဖြစ်သူက တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။

မိခင်–ဒေါ်မမခင်။

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်မ၏သား မောင်ကျော်လင်း (အဖ)ဦးကျော်လှိုင်သည် မိဘ၏ဆုံးမမှုကို မနာခံဘဲ ဂုဏ်သိက္ခာကျဆင်းအောင်၊ စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး ၎င်း၏သဘောဆန္ဒအလျောက် ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှစွန့်လွှတ်လိုက်ပါကြောင်း။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါကြောင်း။

မိခင်–ဒေါ်မြရီ ၁၂/မဂဒ(နိုင်)၀၄၁၀၄၃။

ဆရာ ဦးဇော်ဖေဝင်း၏ အားမာန်

B.Ed ဝင်ခွင့် သင်တန်းဖွင့်ပြီ

အမှတ် ၈၆၊ (ဒုတိယထပ်)၊ ၃၇ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်း၊ ဖုန်း–၀၁–၃၇၄၄၇၀။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးခင်မောင်သက် ၁၃/တကန(နိုင်)၀၆၇၆၈၀၏ နိုင်ငံကူးလက်မှတ် အမှတ်–၇၇၇၇၀၇ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ **ဖုန်း–၀၉–၅၁၃၈၄၅၈။**

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

KMD Computer Centre

သင်တန်းအပ်လက်ခံနေပြီ

၅၅၀–၅၅၂၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်။
ဖုန်း – ၂၄၉၀၅၅/၃၈၀၇၇၆/ ၃၈၀၁၂၉/၃၈၀၀၃၅

အခြေခံမှစ၍ နိုင်ငံတကာအဆင့်ထိ ကွန်ပျူတာပညာရပ်များ သင်ကြားတတ်မြောက်လိုလျှင် KMD နှင့်ဆက်သွယ်ပါ။

:: i-Office :: Graphics Design :: Desktop Publishing :: Email & Web Design :: Advanced Excel :: Multimedia Creation :: Basic SE :: Advanced SE :: Software Engineering :: Software Engineering in Database & E-Commerce :: LCCI Courses :: Networking Courses

Since 1986 KMD Computer Centre (ရုံးချုပ်)

နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန တမူးမြို့နယ်စပ်ကုန်သွယ်ရေးစခန်း၌ ကုန်သွယ်မှုမြှင့်တင်ရေးဆွေးနွေး

ရန်ကုန် အောက်တိုဘာ ၉

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန တမူးမြို့ နယ်စပ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုမြှင့်တင်ရေးဆွေးနွေးပွဲကို အောက်တိုဘာ ၁ရက်တွင်ကျင်းပရာ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းနိုင်နှင့် ဌာနဆိုင်ရာများ၊ ကလေး၊ တမူး၊ ကလေးဝမြို့တို့မှ နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း အမှုဆောင်များ၊ လုပ်ငန်းရှင်များ၊ သယ်ယူပို့ဆောင်ရေးအသင်းဝင်များ တက်ရောက်ကြသည်။

ဆွေးနွေး

အခမ်းအနားတွင် ညွှန်ကြားရေးမှူး ဦးသိန်းနိုင်က ဆွေးနွေးပြောကြားပြီး တက်ရောက်လာသူများကလည်း ပါဝင်ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

ညောင်ပင်သာ တံတားတည်ဆောက်

ရန်ကုန် အောက်တိုဘာ ၉

မော်လိုက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း မြို့မ(၂)ရပ်ကွက်၊ ညောင်ပင်သာတံတား ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းကို အောက်တိုဘာ ၁ရက်က ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်စိုးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လွင်တို့ စစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရဲထွဋ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော့မောင်မောင်တို့က ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

အကြွမ်းဖက်သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့်မိုင်းများနင်းမိ အပြစ်မဲ့ပြည်သူသုံးဦးသေဆုံးပြီး လေးဦးထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် အောက်တိုဘာ ၉

မွန်ပြည်နယ် ရေးမြို့နယ်နှင့် ကရင်ပြည်နယ် ကျောက်ကြီးမြို့နယ်တို့၌ အောက်တိုဘာ ၈ရက်တွင် အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများထောင်ထားသည့်မိုင်းများ နင်းမိသဖြင့် အပြစ်မဲ့ပြည်သူသုံးဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ကြသည်။

မိုင်းစထိမှန်

ရေးမြို့နယ် ဟံဂံရွာအရှေ့တောင်ဘက် ပဒေါင်းတောင်ကြောတွင် အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် မိုင်းနင်းမိသဖြင့် အမဲလိုက်သွားသည့် ရွာသားလေးဦးအနက် ဦးအောင်ငွေ၊ ဦးမောင်ဝင်းတို့နှစ်ဦး သေဆုံးပြီး ဦးအမောင်နှင့် ဦးကျော်မြင့်တို့နှစ်ဦး မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့ကြသည်။

ဒဏ်ရာရရှိ

ကျောက်ကြီးမြို့ အရှေ့ဘက် ခြောက်ထပ်ကွေ့၌ အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် မိုင်းနင်းမိသဖြင့် ကပ်ပယ်လမ်းခွဲရွာသို့ ကုန်ထမ်းပို့ပြီးပြန်လာသူသုံးဦးအနက် ဦးအောင်မင်းဦးသေဆုံးပြီး ဦးသက်လွင်နှင့် ဦးသက်နိုင်တို့နှစ်ဦး မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့ကြသည်။

ကူညီပံ့ပိုး

မိုင်းထိလူနာများအား ရေးမြို့ ပြည်သူ့ဆေးရုံနှင့် ကျောက်ကြီးမြို့ ပြည်သူ့ဆေးရုံသို့တင်ပို့၍ ဆေးဝါး ကုသပေးလျက်ရှိပြီး လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အခွန်ကောက်ခံရေးကြီးကြပ်ဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၉

တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်အတွက် အခွန်ကောက်ခံရေးနှင့် သားသတ်လုပ်ငန်းလိုင်စင်ရရှိသူများအား စည်းကမ်းနှင့်အညီလုပ်ကိုင်ဆောင်ရွက်ရန် စစ်ဆေးကြပ်မတ်လျက်ရှိရာ စက်တင်ဘာ ၅ရက်က တမူးမြို့မဈေးအတွင်းရှိ အသားအရောင်းဆိုင်များ သတ်မှတ်နှုန်းထားဖြင့် ရောင်းချခြင်းရှိမရှိကို ဈေးခေါင်း ဦးဆန်းမော်ကြည်နှင့် အမှုဆောင်အရာရှိ ဦးမျိုးသန့်ခိုင်တို့ စစ်ဆေးဆောင်ရွက်ခဲ့ကြသည်။ **(က–ပ)**

သင့်သွေးဖြင့် အသက်ကယ်ပါ

စိမ်းလန်းစိုပြည်နေသော မြန်မာ့မြေ

မောင်သဘာဝ

'ဥတုရာသီ တောကိုမှီ၏'ဟူသော ဆိုစကားအတိုင်း သစ်တော၊ သစ်ပင်များသည် ရေမြေသဘာဝ ရာသီဥတုကို ထိန်းသိမ်းပေးသည်။ ထို့ကြောင့် သစ်တော၊ သစ်ပင်များကို ပြုစုပျိုးထောင်၊ ထိန်းသိမ်းစောင့်ရှောက်နေကြခြင်းဖြစ်သည်။ နိုင်ငံတော် အစိုးရသည် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ ပုပ္ပားတောင်မှစကာ သစ်တောသစ်ပင် စိမ်းလန်းစိုပြည်ရေး၊ ရန်ကုန်မြို့တော်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ ပဲခူးရိုးမ စိမ်းလန်း စိုပြည်ရေးသာမက ဒီရေတောများ စိမ်းလန်းစိုပြည်ရေးပါမကျန် မြင်မြင်သမျှ ဒေသအားလုံး စိမ်းလန်းစိုပြည်ရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ ၅၁ရာခိုင်နှုန်းရှိသော မြေထုမှာ သစ်တောများ ဖုံးလွှမ်းနေသည်။ မိမိတို့ ဝေဟင်မှ မြေပြင်သို့ လေယာဉ်ခရီးဖြင့် ရှုမျှော်ကြည့်ပါမူ ကန္တာရလွင်ပြင်များထက် စိမ်းလန်းစိုပြည်သော မြေပြင်စိမ်းစိမ်းများကိုသာ မြင်တွေ့ကြရမည် ဖြစ်သည်။ သို့ရာတွင် ယခင်ကာလများက မြန်မာပြည်အလယ်ပိုင်းဒေသ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့တွင်မူ 'နွေမှာပူလောင်၊ မိုးမှာခေါင်၊ ဆောင်းမှာ စောင်မလောက်' ဆိုရလောက်အောင် သဘာဝပတ်ဝန်းကျင် ယိုယွင်းခဲ့ရသည်။

မြန်မာနိုင်ငံ၏ ၅၁ရာခိုင်နှုန်း ရှိသော မြေထုမှာ သစ်တောများ ဖုံးလွှမ်းနေ။ မိမိတို့ ဝေဟင်မှ မြေပြင်သို့ လေယာဉ်ခရီးဖြင့် ရှုမျှော် ကြည့်ပါမူ ကန္တာရ လွင်ပြင်များထက် စိမ်းလန်း စိုပြည်သော မြေပြင် စိမ်းစိမ်း များကိုသာ မြင်တွေ့ကြရ။

ယနေ့ကာလတွင်မူ နိုင်ငံတော်၏နှစ်ရှည်ကြိုးပမ်းအားထုတ်မှုများကြောင့် အပူပိုင်းဒေသကြီးသည် စိမ်းစိုလာခဲ့ရသည်။ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးစီမံချက်အဖြစ် ကိုးခရိုင် စိမ်းလန်းစိုပြည်ရေးမှသည် ၁၃ခရိုင် စိမ်းလန်းစိုပြည်ရေးအထိ တိုးမြှင့်ဖော်ဆောင်နိုင်ခဲ့သည်။ အပူပိုင်းဒေသ တိုင်းသုံးတိုင်းတွင် ယခင်က ကြိုးပြင်ကာကွယ်တောများ မရှိခဲ့ရာမှ ကြိုးပြင်ကာကွယ်တော စတုရန်းမိုင် ၂၀၀၀ကျော် ပေါ်ထွက်လာသည်။ ထိုဒေသတွင်ပင် ၁၉၈၈ခုနှစ်က သဘာဝနယ်မြေ ဧရိယာစတုရန်းမိုင် ၁၃၀၀ကျော် ရှိရာမှ ယခုအခါ သဘာဝနယ်မြေ ဧရိယာ စတုရန်းမိုင် ၂၀၀၀ကျော် ဖြစ်ပေါ်လာသဖြင့် နယ်မြေဒေသ စတုရန်းမိုင် ၇၀၀ခန့် တိုးတက်လာခဲ့သည်။

တစ်ချိန်သောကာလက ကျွန်းဟူ၍ မမြင်ဖူးခဲ့ရသော ထိုဒေသတွင် ယခုအခါ ကျွန်းရွှေဝါဧက

ပုဂံ-ညောင်ဦးမြို့နယ် လောကနန္ဒာ အေးမဲ့တော ဥယျာဉ်။

ကျောက်ပန်းတောင်းမြို့နယ် စိမ်းလန်းစိုပြည်နေသည့် ပုပ္ပားတောင်။

ခြောက်သောင်းကျော် တိုးတက်ဖြစ်ထွန်းလာသည်။ စက်မှုကုန်ကြမ်းစိုက်ခင်းများ ဆိုလျှင်လည်း ယခင်က ဧက ၄၀၀၀ကျော်သာရှိရာမှ ယခုအခါ ဧကငါးသောင်းခြောက်ထောင်ကျော်အထိ တိုးတက်ဖြစ်ထွန်းလာသည်။ ဤသည်မှာ အပူပိုင်းဒေသ၏ စိမ်းလန်းစိုပြည်လာသော မြင်ကွင်းများပင်ဖြစ်သည်။

မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာနှင့် ကြည့်မည်ဆိုလျှင်လည်း သစ်တောပြုစုပျိုးထောင်နိုင်မှုမှာ အားရဖွယ်ပင်ဖြစ်သည်။ ၁၉၈၈ခုနှစ်က ကြိုးဝိုင်းတော စတုရန်းမိုင် သုံးသောင်းရှစ်ထောင်ကျော် ရှိခဲ့သော်လည်း ယခုအခါ စတုရန်းမိုင် လေးသောင်းခုနစ်ထောင်ကျော် ရှိလာသဖြင့် စတုရန်းမိုင် တစ်သောင်းခန့် တိုးတက်လာသည်။ ၁၉၈၈ခုနှစ်က ကြိုးပြင် ကာကွယ်တော လုံးဝမရှိခဲ့သော်လည်း ယခုအခါ စတုရန်းမိုင် တစ်သောင်း သုံးထောင်ကျော် တိုးတက်ဖြစ်ထွန်းလာသည်။ ၁၉၈၈ခုနှစ်က သဘာဝနယ်မြေ ဧရိယာ စတုရန်းမိုင်နှစ်ထောင်ကျော်သာရှိသော်လည်း ယခုအခါ စတုရန်းမိုင် တစ်သောင်းကျော် ဖြစ်ထွန်းလာသဖြင့် စတုရန်းမိုင် ရှစ်ထောင်ကျော် တိုးတက်လာသည်။ သစ်တောစိုက်ခင်း ထူထောင်ခြင်းလုပ်ငန်းများတွင် ၁၉၈၈ခုနှစ်က ဧကရှစ်သောင်းနီးပါး ရှိသော်လည်း ယခုအခါ ဧကတစ်သိန်းလေးသောင်းခန့် ဖြစ်လာသဖြင့် ဧကတစ်သိန်းကျော် တိုးတက်လာသည်။ ထိုအထဲတွင် ကျွန်းစိုက်ခင်းအနေဖြင့် ၁၉၈၈ခုနှစ်က လုံးဝမရှိသော်လည်း ယခုအခါ ကျွန်းအထူးစိုက်ခင်းဧက တစ်သိန်းခြောက်သောင်းကျော်ရှိလာသည်။

ယင်းတို့သည် နိုင်ငံတော်အစိုးရက နိုင်ငံစိမ်းလန်းစိုပြည်ရေးကို မျှော်တွေးပြီး ရာသီဥတုမျှတအောင်၊ မြန်မာတစ်နိုင်ငံလုံး စိမ်းလန်းစိုပြည်အောင် ကြိုးပမ်းဖော်ဆောင်ခဲ့သော အကျိုးရလဒ်ကောင်းများပင် ဖြစ်သည်။ ယခုတော့ မြန်မာ့မြေသည် ထာဝစဉ်စိမ်းလန်းစိုပြည်နေတော့မည်သည်သာ ဖြစ်သည်။ ။

ပဲခူးတိုင်း သစ်တောဦးစီးဌာန သစ်တောသုတေသနဌာန၏ ပိတောက်စမ်းသပ်ကွက်။

၁၉၈၈ခုနှစ်က ကြိုးဝိုင်းတော စတုရန်းမိုင် သုံးသောင်းရှစ်ထောင်ကျော် ရှိခဲ့သော်လည်း ယခုအခါ စတုရန်းမိုင် လေးသောင်းခုနစ်ထောင်ကျော် ရှိလာသဖြင့် စတုရန်းမိုင် တစ်သောင်းခန့်တိုးတက်လာသည်။ ၁၉၈၈ခုနှစ်က ကြိုးပြင်ကာကွယ်တော လုံးဝမရှိခဲ့သော်လည်း ယခုအခါ စတုရန်းမိုင် တစ်သောင်း သုံးထောင်ကျော် တိုးတက်ဖြစ်ထွန်းလာသည်။ ၁၉၈၈ခုနှစ်က သဘာဝနယ်မြေ ဧရိယာ စတုရန်းမိုင် နှစ်ထောင်ကျော်သာရှိသော်လည်း ယခုအခါ စတုရန်းမိုင် တစ်သောင်းကျော် ဖြစ်ထွန်းလာသဖြင့် စတုရန်းမိုင် ရှစ်ထောင်ကျော် တိုးတက်လာသည်။ သစ်တော စိုက်ခင်း ထူထောင်ခြင်းလုပ်ငန်းများတွင် ၁၉၈၈ခုနှစ်က ဧက ရှစ်သောင်းနီးပါး ရှိသော်လည်း ယခုအခါ ဧကတစ်သိန်းလေးသောင်းခန့် ဖြစ်လာသဖြင့် ဧက တစ်သိန်းကျော် တိုးတက်လာသည်။ ထိုအထဲတွင် ကျွန်းစိုက်ခင်း အနေဖြင့် ၁၉၈၈ ခုနှစ်က လုံးဝမရှိသော်လည်း ယခုအခါ ကျွန်းအထူးစိုက်ခင်းဧက တစ်သိန်းခြောက်သောင်းကျော် ရှိလာသည်။

ရန်ကုန်တိုင်း ဒဂုံမြို့နယ် မင်းကျောင်းလမ်း အမှတ် ၂၅ နေ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတိဓရ ဒူးရင်းသီး ဦးစိုးမြင့် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူငွေကျပ် တစ်သိန်းကို

တိ=နိ စီမံအုပ်ချုပ်မှုနာယက ဆရာတော်များ ရှေ့မှောက်၌ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ(ပင်မ) ဥက္ကဋ္ဌ ရွှေစင်အကယ်ဒမီ ဦးသုတော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဝက်လက်မြို့ ဂန္ဓမာလမ်း ကျောက်ချောလမ်းခင်း

ဝက်လက် စက်တင်ဘာ ၂၅

ဝက်လက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော အမှတ် (၁) ရပ်ကွက်ဂန္ဓမာလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို စက်တင်ဘာ၈ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထင်အောင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာဦးသိန်းဇော်တို့ ကွင်းဆင်းကြည့်ရှုရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်း အင်ဂျင်နီယာ (၂) ဒေါ်တင်မာမြင့်က လုပ်ငန်း ဆောင်ရွက်မှုများ ရှင်းလင်းတင်ပြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက်တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ခေတ္တတရုတ်နိုင်ငံ (ကူမင်းမြို့)နေ ကိုဇော်လင်းမြင့်-မယုဇနတို့၏သား မောင်ဘုန်းမြတ်ပိုင်ဇော်၏ တစ်နှစ်ပြည့်မွေးနေ့မင်္ဂလာ အလှူအဖြစ် အမှတ် ၄၈ အောင်သပြေလမ်း စမ်းချောင်းမြို့နယ် မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့် ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကလျာဏ(နာလန္ဒာ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် စဥ့်ကိုင်မြို့ ကျေးရွာအုပ်စုလုံးကျွတ် စာကြည့်တိုက် အဆောက်အအုံများဖွင့်

ကျောက်ဆည် စက်တင်ဘာ ၃၀

ပြန်ကြားရေးဝန်ကြီးဌာန ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စဥ့်ကိုင်မြို့နယ် မုံပင်-မီးသွေးဘုတ်-ဒေါင့်ကြီးကွေ့ ကျေးရွာအုပ်စုများ၏ကျေးရွာအုပ်စုလုံးကျွတ်စာကြည့်တိုက်အဆောက်အအုံများဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ၂၄ရက် မွန်းတည့်၁၂ နာရီက မုံပင်ကျေးရွာပညာ့ပျိုးခင်းစာကြည့်တိုက်၌ ကျင်းပသည်။

ဖွင့်လှစ်

ရေးဦးစွာ ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ တိုင်းလက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်း၊ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးကျော်မြင့်တို့က ငွေကျပ်၂၆သိန်းအကုန်အကျခံ ဆောက်လုပ်သည့်မုံပင်ကျေးရွာပညာ့ပျိုးခင်းစာကြည့်တိုက်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အောက်ပုံ)

လှူဒါန်း

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့က သုတ၊ရသ မဂ္ဂဇင်းစာအုပ်များကိုလည်းကောင်း၊ကျေးရွာလူမှုရေး အသင်းအဖွဲ့များက ငွေကျပ်တစ်သိန်းနှင့် အလှူရှင် ဦးသန်းလွင်က ရေဒီယိုတစ်လုံးကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်သည် ငွေကျပ်၁၈သိန်း အကုန်အကျခံ ဆောက်လုပ်သည့် မြို့ကုန်းကျေးရွာ မြို့ဂုဏ်ရောင်စာကြည့်တိုက်အဆောက်အအုံကိုလည်းကောင်း၊ ငွေကျပ်သိန်း ၂၀အကုန်အကျခံ ဆောက်လုပ်သည့် ရဲရွာသစ်ကျေးရွာ ခေတ်သစ်စာကြည့်တိုက် အဆောက်အအုံသစ်ကိုလည်းကောင်း၊ ငွေကျပ်ခုနစ်သိန်းအကုန်အကျခံ ဆောက်လုပ်လှူဒါန်းသည့် ကင်းတံကျေးရွာလူငယ်ဂုဏ်ဆောင်စာကြည့်တိုက် အဆောက်အအုံသစ်ကို လည်းကောင်း၊ ငွေကျပ် သိန်း၂၀တန်ဖိုးရှိ မကျီးကုန်းကျေးရွာ စာပေလုလင်စာကြည့်တိုက် အဆောက်အအုံကိုလည်းကောင်း၊ ငွေကျပ်ခြောက်သိန်း အကုန်အကျခံ၍မွမ်းမံပြင်ဆင်ဆောက်လုပ်သည့် ရွာဘိုကျေးရွာ ဒို့ရွာစာကြည့်တိုက် အဆောက်အအုံသစ်ကိုလည်းကောင်း ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စာအုပ်များ လှူဒါန်းသည်။

(ခရိုင် ပြန်/ဆက်)

အောက်တိုဘာ ၇ရက်က ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးတို့ ခဝါချောင်းကူးတံတားအသစ် ပြန်လည်တည်ဆောက်ရန် အလှူငွေပေးအပ်ပွဲ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

ရောဝတီမြစ်နှင့် မဲဇာမြစ်အတွင်း ငါးမျိုးစိုက်ထည့်

ထီးချိုင့် စက်တင်ဘာ ၃၀

ကသာခရိုင် ထီးချိုင့်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနကကြီးမှူးပြီး ရောဝတီမြစ်နှင့် မဲဇာမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကိုစက်တင်ဘာ ၁၅ ရက် နံနက် ၉ နာရီက ထီးချိုင့်မြို့ သင်္ဘောဆိပ်ကမ်း (ကျောက်တန်း)၌ ကျင်းပသည်။

တက်ရောက်

ငါးမျိုးစိုက်ထည့်ပွဲသို့ထီးချိုင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးဌာနမှူး ဦးအောင်မိုးနှင့် ဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ မြို့ပေါ်လေးရပ်ကွက်မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထို့နောက် ရောဝတီမြစ်နှင့် မဲဇာမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို ငါးမြစ်ချင်း ငါးသန်ကောင်ရေ ငါးသောင်း ၊ ငါးမြစ်ချင်းငါးမှန်ကောင်ရေ သိန်း၁၀၀ စုစုပေါင်းကောင်ရေ သိန်းတစ်ရာငါးသောင်း စိုက်ထည့်ပေးကြကြောင်းသိရသည်။(မြို့နယ်ပြန်/ဆက်)

ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်၌ ပန်းအလှပင်များ ပျိုးထောင်ပြီးစီးမှုကို ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် ဩဂုတ် ၂၀ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးထွန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးမော်လွင်တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
တော်သလင်းလကွယ်နေ့
၁၁-၁၀-၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀	တော်သလင်းလကွယ်တရားတော် (တောင်းဆုပြည့်အောင် ကောင်းမှုဆောင်- အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တ ပညိန္ဒ)

နေ့လယ်ပိုင်း

၀၉း၀၀	နဝင်္ဂဥပေါသထသီလပေးတရားတော် (စစ်ကိုင်းတောင်ရိုး သဒ္ဓမ္မသီတဂူချောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဉာဏိဿရ)
၁၁း၁၅	စက်မှုစွမ်းအား ခေတ်ကျော်လွှား (ပလတ်စတစ်ဘူးခွံ၊ ပုံးခွံအမျိုးမျိုး ထုတ်လုပ်မှုအကြောင်း)
၁၁း၃၅	စာအုပ်စာပေလူ့မိတ်ဆွေ (၁) ကံ့ကော်ရွှေရည် စံပြစာကုံးများ (ဦးဆန်းထွတ်-ပညာရေး တက္ကသိုလ် ပါမောက္ခ-ငြိမ်း) (၂) ဦးခေါင်းပုံများနှင့် အခြားထူးဆန်းသော ပုံပြင်များ (မောင်သိန်းလွင်)
၁၂း၀၀	သိပ္ပံပညာသိကောင်းစရာ (လူ့မျက်နှာ၏ ပတ်ဝန်းကျင်အကြောင်း- မောင်ဆုရှင်)
၁၂း၂၀	ဒလမြို့နယ် ပျော်ဘွယ်ကြီးကျေးရွာ အနာဂါမ်ဆရာသက်ကြီးတရားရိပ်သာ အကြောင်း ဆွေးနွေးခန်း(အပိုင်း-၂)
၁၂း၃၀	အစာနှင့်အာဟာရ (ကြာဆံ)

ညနေပိုင်း

၁၆း၀၀	တရားတော် (ဆဋ္ဌသင်္ဂါယနာတင်ပွဲ၌ မင်းကွန်းဆရာတော်ကြီးဖြေကြားတော်မူခဲ့သော စူဠကမ္မဝိဘင်္ဂသုတ္တန်တရားတော်)
၁၆း၃၀	နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ
၁၇း၀၀	တပ်မတော်စာတိုက်
၁၇း၁၅	ထူးဆန်းထွေလာသတင်းပဒေသာ
၁၈း၂၅	သံစဉ်တေးသွား မေတ္တာစကား (၁) ချစ်တော့ချစ်ပါတယ်အမေဆူလိမ့်မယ် (မောင်မောင်ညွန့်) (၂) အမေဆူလည်းချစ်မယ်(စိုးစန္ဒာထွန်း)
၁၈း၄၀	အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
၁၉း၁၅	ကွက်စိပ် (တွံတေးဒဂုံဆရာညွန့်၏ ပရိနိဗ္ဗာန်စံတော်မူခန်းကွက်စိပ်)
၂၀း၃၀	ခံစားနားဆင် မြန်မာတေးသံစဉ် (၁) ချစ်မိုးကြီး (ဌေးဌေးမြင့်) (၂) မေတ္တာကမ္ဘာများဖြင့် မခြားလို (ကိုသန်းလှိုင်) (၃) ဘဝချင်းဆုံတွေ့ပါရစေ (ချိုပြုံး)
၂၀း၄၅	မင်းကွန်းဆရာတော်ကြီး၏ အရပ် ၁၀ မျက်နှာ မေတ္တာပို့

မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးနှင့် တိုင်းရုံးမှ စက်မှုအင်ဂျင်နီယာဝန်ထမ်းများ စက်တင်ဘာ ၁၄ရက်က တောင်သာမြို့ ရုံးစည်ကြီးကျေးရွာစက်ရေတွင်း ရေစုကန်နှင့် ရေ စက်ရုံတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ရာ အမှုဆောင်အရာရှိ ဦးသန်းလင်းက လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြစဉ်။ (တိုင်းစည်ပင်)

ခါရိမေကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၌ စာဖတ်ပွဲကျင်းပ

ပူတာအို စက်တင်ဘာ ၂၀

ပူတာအိုမြို့နယ် ဂျူဗလီကျေးရွာ ခါရိမေ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ ဩဂုတ်၂၆ရက် နံနက်က စာဖတ်ပွဲ ကျင်းပသည်။

စာဖတ်ပွဲတွင် မြို့နယ်ဦးစီးမှူး ဦးခင်ဆန်ခင်က စာဖတ်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်၊ စာကြည့်တိုက်ရေရှည် တည်တံ့ခိုင်မြဲရေးနှင့် စာဖတ်ခြင်း၏ အကျိုးသက်ရောက်မှု၊ ဆေးလိပ်သောက်ခြင်း၏ ဆိုးကျိုးများ၊ ဗလငါးတန်နှင့် ပြည့်စုံစေရန် တို့ကို ရှင်းလင်း ပြောကြားသည်။

အခမ်းအနားသို့ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် စာဖတ်ဝါသနာရှင်များ တက်ရောက်ဖတ်ရှုကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကန်တော်မင်္ဂလာ ဘိုးဘွားရိပ်သာ ဆိုင်းဘုတ်မုခ်ဦးဖွင့် ဆွမ်းပဒေသာပင် အလှူငွေများပေးအပ်ပွဲ ဖျာပုံ၌ကျင်းပ

ဖျာပုံ အောက်တိုဘာ ၆

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် ကန်တော်မင်္ဂလာ ဘိုးဘွားရိပ်သာဆိုင်းဘုတ်မုခ်ဦးဖွင့်ပွဲနှင့် ကန်တော်မင်္ဂလာဘိုးဘွားရိပ်သာ ဆွမ်းပဒေသာပင် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက်က ဖျာပုံမြို့ ကန်တော်မင်္ဂလာ ဘိုးဘွားရိပ်သာ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးချစ်နှင့်အဖွဲ့ဝင်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးမြင့်ဇော်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စေတနာရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဖျာပုံမြစ်တန်းပင်လယ်ကျားပိုက်လုပ်ငန်းရှင်များအသင်းက လှူဒါန်းသော ဆိုင်းဘုတ်မုခ်ဦးကို ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမျိုးချစ်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ယင်းနောက် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် ဆွမ်းပဒေသာပင် အလှူငွေ ပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် လူမှုရေးအသင်းအဖွဲ့များက ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သက်ကြီးရွယ်အို ဘိုးဘွား ၂၅ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၁၁၀၀၀ စီကိုလည်းကောင်း၊ ကန်တော်မင်္ဂလာ ဘိုးဘွားရိပ်သာ ဘိုးဘွားများအတွက် ရာသက်ပန်ဆွမ်းပဒေသာပင် အလှူငွေကျပ် ၁၆၈၀၀၀၀ ကို စေတနာရှင်များကလည်းကောင်း လှူဒါန်းကြရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမျိုးချစ်က လက်ခံယူပြီးဖျာပုံတိုက်သစ်ကျောင်းဆရာတော်ထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ တရားတော်နာယူကြကြောင်း သိရသည်။ **(၃၇၉)**



စဉ့်ကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ဝင်ဆိုင်းဘုတ်အသစ် ပြန်လည်ပြုလုပ်ခြင်း လုပ်ငန်းကို စက်တင်ဘာ ၉ ရက်က အမှုဆောင်အရာရှိ ဦးတင်အောင်သန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးထွန်းလှအောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။
(တိုင်းစည်ပင်)

မြင်းခြံခရိုင် ငါးလုပ်ငန်း ဦးစီးဌာနကြီးမှူး ဧရာဝတီမြစ်အတွင်း ငါးသားပေါက်များ မျိုးစိုက်ထည့်

မြင်းခြံ စက်တင်ဘာ ၂၅

မြင်းခြံခရိုင် ငါးလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ ငါးသယံဇာတ ပေါကြွယ်ဝစေရေးနှင့် ငါးထုတ်လုပ်မှု တိုးတက်စေရေးအတွက် စက်တင်ဘာ ၁၁ ရက်က မြင်းခြံမြို့ လေးအိမ်တန်းဆိပ်ကမ်းရှိ ဧရာဝတီမြစ်အတွင်းသို့ ငါးသားပေါက်များ မျိုးစိုက်ထည့်လွှတ်သည့် အခမ်းအနားကျင်းပသည်။

ငါးမျိုးစိုက်ထည့်

အခမ်းအနားတွင် ခရိုင်အတွင်းရေးမှူး ဦးဝင်းရွှေ၊ မြို့နယ်ဥက္ကဋ္ဌ ဦးမင်းဆွေနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်ထွန်းအောင်နှင့် ဝန်ထမ်းများ၊ ရေလုပ်သားများစုပေါင်း၍ ငါးမြစ်ချင်း၊ ငါးမှုန်နှင့် ငါးသန်စုစုပေါင်း ငါးကောင်ရေ၆၃ သိန်းတို့ကို ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ကြသည်။ **(၄၀၂)**

အမြို့မြို့ အနယ်နယ် သတင်းများ

ကျေးလက်ပြည်သူများ အသိအမြင်ကြွယ်ဝရန် စာဖတ်အလေ့အထ ပျိုးထောင်ရေးဆွေးနွေး

နေပြည်တော်ပျဉ်းမနား စက်တင်ဘာ ၃၀

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးသန်းထွန်းသည် လက်ထောက် ညွှန်ကြားရေးမှူး(ပြန်/ဆက်)ဦးကျော်ဝင်းအောင် လိုက်ပါလျက် စက်တင်ဘာ၂၂ရက်နံနက်ပိုင်းက နေပြည်တော် ပျဉ်းမနား ပြန်ကပြေး ကျေးရွာ၊ ညောင်ပင်သာ ကျေးရွာနှင့် ပုရွက်ဆိတ်ကုန်း ကျေးရွာတို့သို့ သွားရောက်၍ ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်ဆောင်လုပ်မှုကို အားပေး ကြည့်ရှုပြီး ကျေးရွာတာဝန်ရှိသူများ၊ စာကြည့်တိုက် ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ကျေးလက်ပြည်သူများ၊ အသိအမြင် ဗဟုသုတများ ကြွယ်ဝစေရန် စာဖတ်သည့်အလေ့အထများ ပျိုးထောင်ပွားများရေးကို ဆွေးနွေးပြီး စာအုပ်၊ စာစောင်နှင့် ဂျာနယ်မျိုးစုံတို့ကိုလှူဒါန်းကြသည်။ ထို့နောက်နေပြည်တော်ပျဉ်းမနား ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ခရိုင်ဦးစီးအရာရှိ ဦးစိုးပိုင်၊ မြို့နယ်ဦးစီးမှူး ဦးဇော်ဌေးအောင်နှင့်အတူ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး နံရံကပ်စာစောင်ပြသမှု၊ ခရိုင်ရုံးစာကြည့်တိုက်၏ စာအုပ်ထိန်းသိမ်းမှုနှင့် စာအုပ်များ ငှားရမ်းမှုလုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (ခရိုင်ပြန်/ဆက်)

မြိုင်မြို့သန့်ရှင်းရေး

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ဩဂုတ် ၄ ရက်က မြိုင်မြို့သို့ ရောက်ရှိပြီး ၂၀၀၇-၂၀၀၈ မြို့ပြ၊ ကျေးလက် လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းနှင့် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်း ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိက ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရန် စာဖတ်ဝိုင်းများ ဆောင်ရွက်ရေး ဆွေးနွေး

ပေါင်းတည် အောက်တိုဘာ ၉

ပဲခူးတိုင်း(အနောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်တိုးသည် ပြည်ခရိုင် ဦးစီးအရာရှိ ဦးခင်မောင်ထွန်းနှင့်အတူ စက်တင်ဘာ ၂၀ ရက်က ပေါင်းတည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်ခန်းမ၌ လုပ်ငန်းညှိနှိုင်း အစည်းအဝေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး၊ စာဖတ်ဝိုင်းများ ဆောင်ရွက်ကြရေးအတွက် ဆွေးနွေးကြသည်။

ဆက်လက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်တိုး၊ ခရိုင်ဦးစီးအရာရှိ ဦးခင်မောင်ထွန်း၊ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်နိုင်တို့သည် မန်ကျည်းပင်အုပ်စု ပေါက်တန်းကျေးရွာ လမ်းပြကြယ်စာကြည့်တိုက်သို့ ရောက်ရှိကာ ကျေးရွာစာကြည့်တိုက်ကော်မတီများနှင့် တွေ့ဆုံဆွေးနွေးပြီး စာအုပ်၊ စာစောင်နှင့်မဂ္ဂဇင်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(၀၆၄)**

ညောင်ဦးမြို့ နတ်သမီးကမ်းပါးမှ မြို့ရေပေးဝေရေး ဆောင်ရွက်မှုကို မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး စက်တင်ဘာ ၁၁ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်း ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

ရောင်ခြည်ဦးလမ်းသွယ် ကတ္တရာခင်းရန် ကျောက်စုဆောင်း

ဖားကန့် စက်တင်ဘာ ၂၀

ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ရောင်ခြည်ဦး လမ်းသွယ် ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်နိုင်ရန် စက်တင်ဘာ ၃ ရက်က အငယ်တန်းအင်ဂျင်နီယာ(၂)ဦးကျော်လွင်ထွန်းနှင့်အဖွဲ့ ကျောက်များစုဆောင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးမြင့်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာဦးဇင်မင်းထွန်းတို့ ကြီးကြပ်ပေးခဲ့ကြောင်း သိရသည်။
(မြို့နယ်စည်ပင်)

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ သွေးလွန်တုပ်ကွေး ရောဂါကာကွယ် နှိမ်နင်းရေးအတွက်မြို့ပေါ်ရှိ စာသင်ကျောင်း၊ ဈေးများနှင့် ရပ်ကွက်များ အတွင်း ခြင်ဆေးဖျန်းခြင်းကို စက်တင်ဘာ ၁၂ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ကျန်းမာရေးဌာနဝန်ထမ်းများ ပူးပေါင်း၍ ရောမော်ပန်းဥယျာဉ် ပတ်ဝန်းကျင်တွင် ခြင်ဆေးဖျန်းခြင်းကို အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့် မြို့နယ်ဆရာဝန် ဒေါက်တာတင်နိုင်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။
(မြို့နယ်စည်ပင်)

ပြည်သူ့ သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

အကြမ်းဖက်ဆူပူမှုကြောင့် မည်သူတွေအကျိုးရှိပြီး မည်သူတွေ အကျိုးမဲ့သနည်း

★ **အကြမ်းဖက်ဆူပူမှုကြောင့်–**

အေးချမ်းစွာနေလိုသည့် ပြည်သူများ စိုးရိမ်ပူပန်နေရသည်။
ကျောင်းသားကျောင်းသူများ၏ ပညာရေး နှောင့်နှေးကြရသည်။
ကုန်စည်စီးဆင်းမှုများ နှောင့်နှေးခဲ့ရသည်။
လမ်းဘေးဈေးသည်များ အရောင်းအဝယ်ပျက်ကြရသည်။
ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများ နှောင့်နှေးကြန့်ကြာရသည်။

★ **အကြမ်းဖက်ဆူပူမှုကြောင့်–**

အမှန်တကယ်အကျိုးရှိသူများမှာ ကိုလိုနီနယ်ချဲ့ပွဲကြီးများသာ ဖြစ်သည်။
သွေးထိုးလှုံ့ဆော်သူများ တိတ်တိတ်ပုန်း ဒေါ်လာများ ရနေသည်။
ပြည်ပြေးများ၊ ပုဆိန်ရိုးများသာ ကောင်းစားကြသည်။
နယ်ချဲ့အလိုတော်ရိများသာ ဒေါ်လာဆုကြေးများ ရနေကြသည်။

★ မိုးလုံးပြည့် မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ဝေဘာလီပုဏ္ဏားများ၊ မယုံလေနဲ့ သတိထား